# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၆)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (6-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်ထွက်ခွာ**

စာမျက်နှာ - ၁၈





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ HUALUXE Kunming Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# ကျန်းမာကြံ့ခိုင်စေဖို့ ကိုယ်လက်လှုပ်ရှားကြပါစို့

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးအတွက် ပြည်သူတစ်ဦးချင်းမှစရမည်ဖြစ်သည်။ ကျန်းမာရေးအသိ၊ သတိရှိကြသူများအနေဖြင့် အနေအထိုင်အစားအသောက်ကိုဆင်ခြင်ကာ ခန္ဓာနှင့်မျှတစွာနေထိုင်စားသောက်ရန်လိုအပ်သကဲ့သို့ ကိုယ်လက်လှုပ်ရှားအားကစားများ ပြုလုပ်ရန်လည်းလိုအပ်သည်။ ထို့ပြင် အသက်အရွယ်မရွေး ကျန်းမာရေးအသိပညာဗဟုသုတများကြွယ်ဝနေရန်လိုသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းများကို ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိသည်။

လူအများစုသည် ကျန်းမာသန်စွမ်းနေချိန် ကျန်းမာခြင်း၏အဖိုးတန်မှုကို မေ့လျော့နေလေ့ရှိပြီး ကျန်းမာရေးကောင်းခြင်း၏တန်ဖိုးကို နေထိုင်မကောင်းဖြစ်ချိန်၊ ရောဂါဘယထူပြောလာချိန်မှ နောင်တတရားဖြင့် သိလေ့ရှိသည်။ ထို့ကြောင့် ရခဲလှသောလူ့ဘဝတွင် လူဖြစ်ရကျိုးနပ်စေရန်၊ လူဖြစ်မရှုံးစေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးကောင်းမွန်ခြင်း၊ ကြံ့ခိုင်ဖျတ်လတ်သွက်လက်ခြင်းများ ရရှိပိုင်ဆိုင်နိုင်ရန်လိုသည်။ သို့မှသာ စိတ်သွားတိုင်းကိုယ်ပါနိုင်မည်ဖြစ်သည်။

ငယ်ရွယ်စဉ်ကတည်းကပင် ကိုယ်လက်လှုပ်ရှားခြင်း၊ အားကစားတစ်ခုခုပုံမှန်ပြုလုပ်ခြင်း၊ အနေအထိုင်အစားအသောက်ဆင်ခြင်ခြင်းများ ဆောင်ရွက်သွားမှသာ အသက်အရွယ်ကြီးရင့်သည်အထိ ကျန်းမာရေးကောင်းမွန်ကာ ကျန်းမာရေးသုခကို အပြည့်အဝခံစားနိုင်မည်ဖြစ်သည်။ ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုကောင်းမွန်သည့်အတွက် ရောဂါမဖြစ်ပွားမီ လိုအပ်သောကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ကြရမည်ဖြစ်သည်။

လူသားတိုင်းပိုင်ဆိုင်ထားသော တစ်နေ့တာအချိန်အတိုင်းအတာ ၂၄ နာရီထဲမှ မိနစ် ၃၀ ကို ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ပေးသင့်ပေသည်။ ကျန်းမာရေးအတွက် နေ့စဉ်ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရာတွင် လူတိုင်းအတွက်အဆင်ပြေကာ အလွယ်ပြုလုပ်နိုင်သော အားကစားနည်းမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် လူတန်းစားမရွေး အလွယ်တကူပြုလုပ်နိုင်သော အားကစားနည်းဖြစ်သည်။ လမ်းမှန်မှန်လျှောက်ကြသူများအနေဖြင့် နှလုံးရောဂါဖြစ်ခြင်းမှကင်းဝေးနိုင်ပြီး ဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါများဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ လမ်းလျှောက်ရင်း သွေးပူလေ့ကျင့်ခန်း၊ အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် သွေးလည်ပတ်မှုကောင်းမွန်ခြင်း၊ အကြောအခြင်များနှင့် အရိုးအဆစ်များအတွက် လှုပ်ရှားမှုရှိခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ဖြစ်ခြင်း၊ သဘာဝနှင့်ထိတွေ့ရသဖြင့် ကိုယ်စိတ်ပေါ့ပါးလန်းဆန်းခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကိုလျှော့ချနိုင်ခြင်းစသည့်ကောင်းကျိုးများကို ရရှိနိုင်မည်ဖြစ်သည့်အပြင် သွေးတိုးရောဂါဖြစ်ပွားမှုကိုလျော့ကျစေပြီး ခန္ဓာကိုယ်တွင်းမှ မလိုအပ်သောကိုလက်စထရောနှင့် အဆီပိုများကိုလည်း လောင်ကျွမ်းစေသည်။

နေ့စဉ်ကိုယ်လက်လှုပ်ရှားခြင်းတစ်ခုဖြစ်သော ပုံမှန်လမ်းလျှောက်ခြင်းသည် ခြေသလုံးကြွက်သားများကို ပိုမိုသန်မာလာစေသည်။ ခြေသလုံးကြွက်သားနှင့်နှလုံးသည် ဆက်စပ်မှုရှိသောကြောင့် ခြေသလုံးကြွက်သားသန်မာလေလေ နှလုံး၏လုပ်ဆောင်မှုအားကောင်းလေလေဖြစ်သည်။ နေ့စဉ်ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေပြီး ရောဂါဘယဖြစ်ပွားမှုကိုလျော့ကျစေခြင်း၊ သက်တမ်းစေ့နေနိုင်ခြင်း စသည်တို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်မှုနှင့်ပြည့်စုံသည့် လူနေမှုဘဝကို ပိုင်ဆိုင်နိုင်ကြစေရန် လူကြီး၊ လူငယ် အရွယ်မရွေး စုပေါင်းလက်တွဲကာ ကိုယ်လက်လှုပ်ရှားအားကစားကို နေ့စဉ်ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကိုပိုင်ဆိုင်နိုင်ပြီး မိမိတို့၏ဘဝကို ပျော်ရွှင်ချမ်းမြေ့စွာတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက မိတ္ထီလာခရိုင်ကို စံပြခရိုင်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ညွှန်ကြားချက်များအပေါ် မိတ္ထီလာခရိုင်ကို အခြားခရိုင်များက စံပြအဖြစ် အတုယူပြသနိုင်သည်ထိ ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ဒေသဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဌာနဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးများနှင့် တာဝန်ရှိသူများက ကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် စံပြခရိုင်အဖြစ် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းညှိနှိုင်းကာ ကြိုးပမ်းဆောင်ရွက်ကြရမည့်အပြင် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှု ပိုမိုတိုးတက်လာအောင် ကြိုးစားဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့တွင်းလမ်း၊ လက်ပြဘုရားအနီး မိုင်တိုင်အမှတ်(၆/၅)ကြား၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအနီး မိုင်တိုင်အမှတ်(၅/၃)မှ (၅/၄)ကြား၊ မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ်(၁၂/၃)မှ(၁၂/၅)ကြားတို့တွင် လမ်းညွှန်အမှတ်အသားနှင့် လမ်းအမှတ်အသားများ ရေးဆွဲထားမှုကို လိုက်လံကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ပြီး ဝမ်းတွင်းမြို့နယ် စက်မှုကွက်သစ်ရှိ PHOE PYONE CHO အထည်ချုပ်စက်ရုံသို့ လည်းကောင်း၊ ထိန်ကန်ကျေးရွာရှိ ဝင်းရတနာ အသားတိုးကြက်မွေးမြူရေးခြံသို့လည်းကောင်း၊ သာစည်မြို့နယ် မကျီးကန်ကျေးရွာအုပ်စုရှိ ဝါသီးနှံကွင်းသရုပ်ပြပွဲ၌ ဝါစိုက်ပျိုးတောင်သူများကို သွင်းအားစုများ ပံ့ပိုးပေးအပ်ပွဲသို့ လည်းကောင်း သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၆၇၄ ဧက ရိတ်သိမ်းပြီးစီး

**ကလေးဝ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၆၇၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်း ၂၂၅ ဧကနှင့် ဖူးစားပြောင်း ၂၄၄၉ ဧက စုစုပေါင်း ၂၆၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၃၆ ဒသမ ၈၈ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၂၆၇၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းသီးနှံတွေ လက်ရှိရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရောပဒေသာစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရောပဒေသာစပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ရောပဒေသာစပါး တင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ရောပဒေသာစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ရောပဒေသာစပါး တင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ရောပဒေသာစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အကြမ်းဆိုပေမဲ့လူတန်းစားမရွေးကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုအားကောင်းခဲ့တာဖြစ်ပါတယ်"ဟု မြောင်းမြမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးများမှာ အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၇၇ လမ်း၊ ၃၃-၃၄ လမ်းကြားနေ ဦးစိုင်းအောင်ကျော်မင်းထွန်း- ဒေါ်မေမိုးငြိမ်းတို့၏ သား စိုင်းဖြိုးမင်းခန့် ၁၀ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ် ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၉၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၅၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၆၇၁၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၅၇၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၉၆၇၁၆ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၉၅၇၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ပြီး ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

## ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်၄၄၅သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နေလှန်းဆား ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဒေသထွက် နေလှန်းဆား ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာရီ က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ဒေသထွက် နေလှန်းဆားပိဿာချိန် ၅၈၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ နေလှန်းဆားပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

လပွတ္တာမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ အောက်တိုဘာလအတွင်း ပိဿာချိန် ၈၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ နိုဝင်ဘာလထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ် ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေနေပါတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲ ကောင်းပါတယ်''ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာရီကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကိုဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်သန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ရောင်းချလျက်ရှိကြောင်း၊ ထို့ပြင် အဆိုပါဒေသမှထွက်ရှိသည့် နေလှန်းဆားများကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသများသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၉၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ပုဂံမြောက်ဂူနီဘုရားရှိ မိဖုရားဖွားစောကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် များစွာသော ကျောက်စာများအနက် မိဖုရားဖွားစောကျောက်စာဟု ထင်ရှားသည့် အမိ ဖုရားစောကျောက်စာသည် မိဖုရား တစ်ပါး၏ အလှူမှတ်တမ်းဖြစ်သည်။ ပုဂံခေတ် နှောင်းပိုင်း မိဖုရားတစ်ပါးဖြစ်သော ဖွားစောသည် သံသရာဆင်းရဲမှထွက်မြောက်ပြီး နိဗ္ဗာန်ဆုကို ရလိုသဖြင့် ဂူဘုရားကိုတည်ကာ ကျွန်၊ လယ်၊ ဥယျာဉ်၊ ပရိက္ခရာများ၊ တူရိယာပစ္စည်းများနှင့်တူရိယာပညာ ရှင်များကို ဘုရားသို့လှူဒါန်းခဲ့သည်။ မိဖုရားဖွားစော သည် မိမိ၏အလှူမှတ်တမ်းကျောက်စာကို ပုဂံရှိ မြောက်ဂူနီဘုရားအတွင်း၌ စိုက်ထူခဲ့သည်။

**မိဖုရားဖွားစောနှင့် မြောက်ဂူနီ**

မိဖုရားဖွားစောသည် ပုဂံခေတ်နှောင်းပိုင်း ဘုရင် တစ်ပါးဖြစ်သည့် နရသီဟပတေ့ဥဇ္ဇနာမင်း၏ မိဖုရားဖြစ် သည်။ နရသီဃ်ဥဇ္ဇနာသည် နားတောင်းများမင်းနှင့် အိမ်တော်သည်မိဖုရားတို့၏ သားတော်ဖြစ်၍ ကျစွာမင်း၏နှောင်တော်ဖြစ်သည်။ နားတောင်းများ မင်းနတ်ရွာစံပြီးချိန်တွင် သားတော် နရသီဃ်ဥဇ္ဇနာမင်း သည် ပုဂံထီးနန်းကိုဆက်ခံခဲ့သည်။ မိဖုရားဖွားစော ကျောက်စာတွင် နရသီဃ်ဥဇ္ဇနာမင်း၏ဘွဲ့ကို ဂြိတြိဘဝနာ ဒိတျပဝရ ဓမ္မရာဇာဓိရာဇ ဒါနပတိ နရသီဃ်ဥဇ္ဇနာဟု ရေးထိုးထားသည်။

မြန်မာရာဇဝင်ကျမ်းအများစုတွင် ပုဂံမင်းဆက်၌ နရသီဃ်ဥဇ္ဇနာမင်းအမည်သည် ပျောက်နေခဲ့သော် လည်း နှောင်းခေတ်သမိုင်းပညာရှင်များက နားတောင်း များမင်းနှင့်ကျစွာမင်းကြားတွင် နရသီဃ်ဥဇ္ဇနာမင်း နန်းတက်ခဲ့ကြောင်းယူဆကြသည်၊ ထို့အတူ ကျောက်စာ များနှင့်တိုက်ဆိုင်စစ်ဆေးပြီး တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုပြုစုသည့် တွင်းသင်းမဟာ ရာဇဝင်သစ်အောက်ခြေမှတ်စုတွင် ဒေါက်တာ သန်းထွန်း၏ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲစာအုပ် နှင့် ဒေါက်တာမိုလ်လေး၏ မိဿလင်္ဂသုတေသန ကျမ်းစာအုပ်တို့ကိုကိုးကားပြီး နားတောင်းများမင်း (၁၂၁၁-၁၂၃၁)နှင့် ကျစွာမင်း(၁၂၃၅-၁၂၅၁)ကြားတွင် နရသီဃ်ဥဇ္ဇနာ(၁၂၃၁-၁၂၃၅)အမည်ရှိ ပုဂံမင်း တစ်ပါးရှိခဲ့ကြောင်း ဖော်ပြထားသည်။

နရသီဃ်ဥဇ္ဇနာမင်းနှင့်မိဖုရား အမိဖုရားစော သည် သားတော်၊ သမီးတော် သုံးပါးထွန်းကားခဲ့သည်။ ၎င်းတို့သည် သိဃ်ပတိ၊ တရဖျားနှင့် အစောလတ် တို့ဖြစ်ကြကာ သားတော်နှစ်ပါးသည် ပုဂံထီးနန်းကို ဆက်ခံခွင့်မရခဲ့ကြပေ။ သမီးတော် အစောလတ်သည် အမတ်ကြီးဇေယျသိဒ္ဓိ၏ ကြင်ယာတော်ဖြစ်ခဲ့ပြီး ခရစ်နှစ် ၁၂၆၁ ခုနှစ်တွင် စေတီ၊ ဂူဘုရား၊ ကျောင်း များကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောက်စာအထောက်အထားများအရ ပုဂံခေတ် တွင် စော(စာဝ်)အမည်ခံ မိဖုရားလေးပါးရှိခဲ့ကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က ရေးသားခဲ့သည်။ ၎င်းတို့သည် နရသီဃ်ဥဇ္ဇနာမင်း၏ မိဖုရား အမိဖုရားစော၊ ထိုမင်း၏ အခြားမိဖုရားတစ်ပါးဖြစ် သည့်မင်းဝိုင်းဖွားစော၊တရုတ်ပြေးမင်း နရသီဟပတေ့ ၏မိဖုရား စောလှဝန်းဖွားစောနှင့် ကျော်စွာမင်း၏ မိဖုရား သစ်မထီးဖွားစောတို့ဖြစ်သည်။


မိဖုရားဖွားစောလေးပါးတွင် ပထမဖွားစော ဖြစ်သည့် အမိဖုရားစောသည် မူလက ဖွားစောဟု အမည်မတွင်ခဲ့ဘဲ ခေတ်ပြိုင်ကျောက်စာများတွင် အမိဖုရားစောဟုသာအမည်တွင်ခဲ့ကာ ခေတ်လွန် ကျောက်စာများတွင်မှ ဖွားစောဟု အမည်တွင်လာသူ ဖြစ်ကြောင်း ပုဂံခေတ်ဖွားစောများစာတမ်းတွင် ဖော်ပြထားသည်။

မိဖုရားဖွားစောကျောက်စာဟု ထင်ရှားသည့် အမိဖုရားစောကျောက်စာကို ပုဂံခေတ် ပထမဖွားစော ဖြစ်သည့် အမိဖုရားစောက သက္ကရာဇ် ၆၀၃ ခုနှစ်တွင် ရေးထိုးခဲ့သည်။ ၎င်းကျောက်စာကို ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ မြောက်ဂူနီဘုရား၊ မုခ်ဂူမှရရှိခဲ့ ကာ ယခုအခါတွင် ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် ထိန်းသိမ်းပြသထားသည်။

မြောက်ဂူနီ လိုဏ်ဘုရားသည် ပုဂံအရှေ့တောင် ဘက်ရှိ ဓမ္မရံကြီးဂူဘုရား၏အနောက်တောင်ဘက် ပေ ၃၀၀ အကွာတွင်တည်ရှိသည်။ အရွယ်ကြီးမား သော နှစ်ထပ်လိုဏ်ဘုရား မြောက်ဂူနီကို နရသီဃ် ဥဇ္ဇနာမင်းနှင့် မိဖုရား အမိဖုရားစောတို့က ၁၃ ရာစု တွင်တည်ခဲ့သည်။

**မြောက်ဂူနီဘုရား အလှူတော်ကျောက်စာ**

မြောက်ဂူနီဘုရားမှရရှိခဲ့သည့် မိဖုရားဖွားစော ကျောက်စာတွင် အလှူရှင်၊ လှူဒါန်းသည့်ခုနှစ်၊ လှူရခြင်း၏ရည်ရွယ်ချက်၊ လှူဒါန်းပုံနှင့် အလှူစာရင်း ကို ပြည့်စုံစွာရေးထိုးထားသည်။ ၁၅၄ စင်တီမီတာ မြင့်သည့် ၎င်းကျောက်စာသည် တစ်မျက်နှာထိုး ကျောက်စာဖြစ်၍ စာကြောင်း ၃၆ ကြောင်းပါရှိသည်။



မိဖုရားဖွားစောကျောက်စာကိုတွေ့ရှိခဲ့သည့် မြောက်ဂူနီဘုရား

အလှူပြုသည့်ရက်ကို သက္ကရာဇ် ၆၀၃ ခုနှစ်၊ စယ်နှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ဟု ရေးထိုးထား ရာ ခရစ်နှစ်နှင့်ဖလှယ်ပါက ၁၂၄၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်ဖြစ်သည်။ စယ်နှစ်ဟု အမည်ပေးခြင်းသည် ပုဂံ ခေတ်တွင်သုံးခဲ့သည့် မြန်မာခုနှစ်သက္ကရာဇ် ရေတွက် ပုံစနစ်အရ ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ နှစ်အမည် ပေးပုံသည် ရောက်ဆဲသက္ကရာဇ်မှ ၂ နုတ်ပြီး ၁၂ ဖြင့် စားလျှင်ရရှိသည့် အကြွင်းကိန်းပေါ်မူတည်လျက် ခုနှစ်အမည်သတ်မှတ်သည့်စနစ်ဖြစ်သည်။ သို့သော် အကြွင်းနှင့်အမည်ကွဲလွဲသည့် ကျောက်စာတချို့ လည်းရှိခဲ့သည်။

ပုဂံခေတ်ထိုးကျောက်စာများတွင်ပါရှိလေ့ရှိသည့် မြန်မာနှစ်အမည်ကို သက္ကရာဇ်မှ ၂ နုတ်ပြီး ၁၂ ဖြင့် စားကာ အကြွင်းကိန်းဖြင့်သတ်မှတ်သည်။ ၁ ကြွင်း လျှင် စယ်နှစ်၊ ၂ ကြွင်းလျှင် ပိသျှက်နှစ်၊ ၃ ကြွင်းလျှင် စိဿနှစ်၊ ၄ ကြွင်းလျှင် အာသတ်နှစ် စသဖြင့်အမည် ပေးခြင်းဖြစ်သည်။ အကြွင်းကိန်းဂဏန်းတစ်ခုတည်း မှာပင် အမည်များစွာရှိရာ ၁ ကြွင်းသည့်ခုနှစ်ကို စယ်နှစ်ဟုသာမက ဇေယျနှစ်၊ ဇယ်နှစ်၊ စဲနှစ်၊ ဇည်နှစ်၊ စည်နှစ်၊ စေနှစ်၊ စိတြနှစ်ဟုလည်း သုံးစွဲခဲ့သည်။ အခြားအကြွင်းကိန်းများတွင်လည်း အမည်ကွဲများကို ၂ ခုမှ ၁၁ ခုထိ အသုံးပြုခဲ့ရာ သုညကြွင်းသည့် ခုနှစ် တွင် အမည် ၁၁ ခုထိ ရှိခဲ့သည်။

**အလှူမှတ်တမ်း**

ကျောက်စာတွင်ရေးထိုးထားသည့် မှတ်တမ်းအရ အမိဖုရားစောသည် ရွာ၊ လယ်ကျွန် ၁၇၈ ယောက်၊ လယ် ၂၆၀ နှင့် ဥယျာဉ်နှစ်ခုကို လှူခဲ့သည်။ လှူဒါန်း သည့် ကျွန်အမည်များကို ဖော်ပြထားရာ ဖျင်ထာရ် ဖုတ်နှင့် စဿျာအိမ်ထောင်မှ သမီး တဝါ၊ မောင်ပြကတ်၊ သတ္တာအိမ်ထောင်မှ မယား မျာမိတ္တီ၊ သား ငရောက်သစ်၊ ဘယျာအိမ်ထောင်မှ မယား ကန္ဒရီ၊ သမီး ဒုက္ခီ၊ ခေတ္တရာပါလာဖုတ်၊ သား ပန္ဈာ၊ စန္ဒျာဖုတ်၊ တင်ဝါဖုတ် စသဖြင့် ပုဂံခေတ်လူနာမည်များကို သိရှိ ရပေသည်။

မိဖုရား အမိဖုရားစောသည် ကျွန်များအပြင် တူရိယာပညာရှင်များကိုလည်း ဘုရားသို့လှူဒါန်းပြီး ၎င်းတို့၏အမည်များကိုရေးထိုးခဲ့ရာ စုစုပေါင်း ၄၁ ယောက်ဟုဖော်ပြခဲ့သည်။ ရွာလယ်အရပ်မှ မြူမ်ပြိုည်သည်ငကောင်၊ ညီ ငလောင်နှင့် ငပြည့်ဝ ဟူသည့် ကျွန်သုံးယောက်၊ မြင်မူအရပ်မှ နွားအကောင် ၁၀၀ နှင့်နွားထိန်းတစ်ယောက်ကိုလည်း ဘုရားသို့ လှူဒါန်းခဲ့သည်။

ဂူဘုရားအထက်ဘက်နှင့် အောက်ဘက်တွင်ရှိ သည့် ဆင်းတုများကို ဆက်ကပ်ရန် သင်္ကန်းတစ်စုံစီ နှင့် ဗိတာန်မျက်နှာကျက်တစ်ခုစီကို ပရိက္ခာရာပစ္စည်း များအဖြစ်လှူဒါန်းသည်။ အလှူစာရင်းတွင် ရွှေသလွန်၊ ခင်းနီး၊ ကွမ်းချပ်၊ကြေး ဆီမီးတိုင်၊ ကြေးပြားတိုင်၊ ကြေးခရားကြီး၊ ခေါင်းလောင်းဆွဲသည့် ဆင်ကြာ၊ ရွှေသပိတ်၊ ငွေသပိတ်၊ လင်ပန်း၊ ခွက်၊ စလောင်းကြီး စသည်တို့ကို ဖော်ပြထားသည်။ ဘုရားသို့လှူသည့် တူရိယာပစ္စည်းများတွင် နရီစည်းဝါး ရှစ်ချပ်၊ တူရိယာ နောင်နင် ကိုးချပ်၊ ခွက်ခွင်းသုံးခုနှင့် ချူသုံးခု ပါဝင်ခဲ့သည်။

မိဖုရားဖွားစောသည် ဂူကျောင်းကို(တည်ဆောက်) လှူဒါန်းကြောင်း ကျောက်စာတွင်ရေးထိုးခဲ့ကာ ဂူကျောင်းအတွက် ကျွန်၊ လယ်၊ နွားနှင့်ဥယျာဉ်တို့ကိုပါ လှူခဲ့သည်။ ၎င်းတို့ကို ဂူကျောင်းတွင်သီတင်းသုံးမည့် သံဃာတော်များအသုံးပြုရန်ဖြစ်၍ ကျွန်များကို ဂူကျောင်းပျက်လျှင် အသုံးပြုနိုင်ရန် လှူခဲ့ခြင်း ဖြစ်ပေသည်။

စာသင်တိုက် ၁၀ တိုက်မှ စာချရဟန်းတော်များကို ဂူကျောင်းသို့လှူဒါန်းသည့်လယ်မှ ထွက်ရှိသည့် ဆန်များကို တစ်လလျှင် ငါးတင်းစီပေးလှူစေခဲ့သည်။ ကဆုန်၊ ဝါဆို၊ ဝါခေါင်နှင့် သီတင်းကျွတ်လပြည့်ရက် များတွင် အလှူကြီးပြုလုပ်ရန်၊ ဆွမ်းတော်ကြီးပွဲ အတွက် ဆန်တစ်တင်းခွဲ၊ စပါးလေးတင်း၊ ဝါတွင်း ကာလ ရက်သတ္တတစ်ပတ်လျှင် ဆန်သုံးပြည်၊ ဆန်ဖြူ တစ်တုံ၊ သစ်သီး၊ ကွမ်းဖိုး အလုံးစုံအတွက် စပါး ခြောက်တင်းလှူရန် စီစဉ်ခဲ့သည်။

ထို့ပြင် တစ်ဝါတွင်းလျှင် စပါးခုနစ်တင်းနှင့် တစ်စိတ်၊ တရားဆုချီးမြှင့်သော ရဟန်းအတွက် လည်းကောင်း၊ ဘုရားဆွမ်းတော်ကပ်ရန်အတွက် လည်းကောင်း ဆန်တစ်တင်းနှင့် တစ်ခွက်လှူရန် သတ်မှတ်ပေးခဲ့သည်။ ကွမ်းဖိုးအဖြစ် တစ်ပတ်လျှင် ဆန်တစ်ပြည်အသုံးပြုစေသည်။ အလှူရှင်က သူ၏ လှူဒါန်းမှုသည် ဆန်တင်း၂၀၊ တစ်စိတ်နှင့် တစ်ပြည် ကုန်မည်ဟုရေးထိုးထားပြီး ဝါတွင်းမဟုတ်သည့် နေ့တိုင်းဆွမ်းချက်ရန် တစ်ရက်လျှင် ဆန်သုံးပြည်၊ စပါးသုံးပြည်၊ ဆွမ်းဟင်းနှင့် ကွမ်းဖိုးအတွက် စပါး ၁၀ ပြည် အကုန်အကျခံ လှူဒါန်းရမည်ဖြစ်ကြောင်း လည်းရေးထိုးခဲ့သည်။ တစ်လလျှင် စပါး ၁၈ တင်းနှင့် သုံးစိတ်၊ တစ်နှစ်လျှင် စပါး ၂၂၅ တင်းသုံးစွဲရန်ဟု ကျောက်စာတွင် မှတ်တမ်းတင်ခဲ့သည်။

ဘုရားရှင်ကွမ်းဝတ်အတွက် တစ်ရက်လျှင် ကွမ်းသီး ၁၀ လုံး၊ တစ်လလျှင် အလုံး ၃၀၀၊ တစ်နှစ် လျှင် အလုံး ၃၆၀၀ သုံးစွဲစေကာ ပြုပြင်သည်နှင့် ကန်ရသည် အမည်ရှိသူနှစ်ဦးကို လယ်တစ်ပယ်စီ အပိုင်စားရစေသည်။ အလှူရှင်၏ ဂူဘုရားအတွက် လှူထားသည့် ဘုရားကျွန်၊ စည်သည်၊ ပန်တျာ စသူတို့အတွက် စပါး ၁၃၅ တင်းပေးရန် လယ်မြေ မှထွက်ရှိပါစေဟုရေးကာ ကျောက်စာကို အဆုံးသတ်ထားသည်။

**ပုဂံခေတ် လူအလှူများ**

ပုဂံခေတ်တွင် ဆောက်လုပ်လှူဒါန်းသည့် စေတီ၊ ပုထိုး၊ ဂူကျောင်း စသည်တို့တွင် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကိုဆောင်ရွက်ရန် ဘုရားကျွန်၊ ကျောင်း ကျွန်များလှူဒါန်းသည့်ဓလေ့ရှိခဲ့သည်။ အချို့သူများ က မိမိနှင့်တကွ မိမိဇနီးသားသမီးများကို ဘုရားကျွန် အဖြစ် လှူဒါန်းမှုများပင်ရှိခဲ့သည်။

ဘုရားကျွန်၊ ကျောင်းကျွန် စသည်ဖြင့် ကျွန်ဟု အမည်တပ်ခဲ့ခြင်းသည် မျက်မှောက်ခေတ်အမြင်အရ ရင့်သီးဖွယ်ရှိသော်လည်း ၎င်းတို့သည် ဘုရားကျောင်း ဝင်းအတွင်း တံမြက်လှည်းခြင်း၊ မြက်ပေါင်းရှင်းလင်း ခြင်း၊ မြေညှိခြင်း၊ ဆွမ်းဝတ်ကွမ်းဝတ်ဆောင်ရွက်ခြင်း၊ ဘုရားကျောင်းအဆောက်အအုံ ကျိုးပဲ့ပျက်စီးလျှင် ပြုပြင်ပြင်ဆင်ခြင်း စသည်တို့ကို ဆောင်ရွက်ရသူများ သာဖြစ်သည်။ အချို့သောဘုရားကျွန်များတွင် ကျေးရွာများကိုအုပ်ချုပ်သည့် သံပျင်များပင်ပါရှိခဲ့ ကြောင်း မိဖုရားဖွားစောကျောက်စာ ကြောင်းရေ ၁၈ တွင် ရေးထိုးထားသည့် "သံဗျင်သျှမ်လေ ငါလောင် မည်သော ကျွန်တစ်ယောက် လှူအေ်"ဟူသည့်စာသား ကိုထောက်၍ သိရှိနိုင်ပေသည်။

ပုဂံခေတ်တွင် ဆွမ်းချက်ချိန်၊ ဆွမ်းကပ်ချိန်၊ နံနက်နှင့် ညဘုရားဝတ်ပြုချိန်တွင် တူရိယာများကို တီးမှုတ်သဖြင့် စည်၊ ပဿာ၊ နရည်းစရာ၊ ခွက်ခွင်း စသည့်တူရိယာပစ္စည်းများနှင့် တီးမှုတ်သူပန်တျာသည် များအား ဘုရားသို့လှူဒါန်းခြင်းဖြစ်သည်။ ထိုသူများ ကို ထောက်ပံ့ရန် သို့မဟုတ် ထိုသူများလုပ်ကိုင်စား သောက်ရန် လယ်မြေများကိုပါ လှူဒါန်းကြခြင်းဖြစ် ကြောင်း ကျောက်စာအထောက်အထားများအရ သိရှိ နိုင်ခဲ့သည်။

**ကျောက်စာပါ အရေးအသားတချို့**

မိဖုရားဖွားစောကျောက်စာတွင် မိဖုရားကြီးကို ပယ်များကြီဟုလည်းကောင်း၊ အမိပုဟာ ဟု လည်းကောင်း အသုံးပြုထားသည်။ မျက်မှောက်ခေတ် သုံးသံသရာဝဋ္ဋဆင်းရဲဟူသည့်စကားလုံးကို သင်သရာ ဆိုဝ်ငြာယ်ဟုလည်းကောင်း၊ ဘုရားကို ပုဟာဟု လည်းကောင်းသုံးစွဲထားပုံကို လေ့လာနိုင်ကြပေသည်။

အရေအတွက်ကိုဖော်ပြရာတွင် ယောက်၊ ချပ်၊ ဆူ၊ ခု ဟုသုံးစွဲ၍ တိရစ္ဆာန်အရေအတွက်ကို ကောင် ဟုမဖော်ပြသကဲ့သို့ လယ်မြေအကျယ်အဝန်းကိုလည်း ပယ်ဟုမဖော်ပြချေ။ မိဖုရားဖွားစောကျောက်စာတွင် ဝါကျတိုထက်ဝါကျရှည်ကို ပိုမိုအသုံးပြုထားရာ သက္ကရာဇ် ၆၀၀ ဝန်းကျင်က ပုဂံခေတ်စာပေအရေး အသားကို ခန့်မှန်းသိရှိနိုင်ခဲ့ရပေသည်။

လွန်ခဲ့သည့် ၇၈၃ ခုနှစ်က အမိဖုရားစော ရေးထိုးခဲ့သည့် မိဖုရားဖွားစောကျောက်စာသည် နရသီဃ်ဥဇ္ဇနာမင်း၏မိဖုရား အမိဖုရားစော၏ ပုဂံခေတ်အလှူနှင့် သာသနာကိုအထောက်အပံ့ပြုခဲ့ပုံ ကို ညွှန်ပြနေခဲ့ပေသည်။

**ကိုးကား**

- ရှေးဟောင်း မြန်မာကျောက်စာများ၊ ဒုတိယတွဲ(ဦးငြိမ်းမောင်)
- ပုဂံဆက်(ဒေါက်တာသန်းထွန်း)
- ပုဂံခေတ်ဖွားစောများ(ဗိုလ်မှူးဘရှင်)
- မြန်မာကျောက်စာ ရွေးချယ်ချက်နှင့် ပို့ချချက်(ရန်ကုန်အဝေးသင်တက္ကသိုလ်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၂၃၇၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ခန္တီး နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၂၃၇၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မိုးစပါးများကို ယခုနှစ်အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၃၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၉ ဒသမ ၅၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ မိုးစပါးဧက ၈၂၇၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မိုးစပါးတွေကို လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၃၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မိုးစပါးများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်း ထွက်ရှိစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

## ဒေးဒရဲမြို့နယ် မှော်အိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှော်အိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မှော်အိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မှော်အိုင်ကျေးရွာ၌ လမ်းအရှည် ၇၂၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် မှော်အိုင်ကျေးရွာရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိကြောင်း ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။ မင်းမြင့်မိုရ်

## နွေးထွေးပျူငှာ အဖြေရှာ

– ကမ္ဘာတစ်ဝန်း ရှုစမ်းကြည့်ပါ
လောဘဒေါသ မောဟထုပြောလာ
လူသားတို့မှာ ကြုံလာခက်ခဲ၊
ကာကွယ်ပေးရန် တွေးဆကြံ
စီမံရွက်ဆောင် လွဲသည်နှင့်လေး။

– တိုက်ခိုက်ဆင်နွှဲ စစ်ပွဲဖြစ်လျှင်
စားဝတ်နေရေး ခက်ဘေးကြုံလို့ပင်
သနားစိတ်တွင် ဘဝင်မလှ၊
လက်နက်စွဲကိုင် သူငါနိုင်
ယှဉ်ပြိုင်လှုပ်ရှား ကြသည်နှင့်လေး။

– ပူပင်သောက ဖြစ်ကြရပြီ
များလှလူသား စိတ်အားငယ်ရသည်
ဖေးမကူညီ မျှော်ပြီဆိုလည်း၊
တောင့်တခါခါ ဖြစ်မလာ
နံ့ချာဘဝ မွဲသည်နှင့်လေး။

– စတင်ဆင်နွှဲ တိုက်ပွဲပုံဖော်
ဖိတ်ခေါ်ဆိုးကျိုး ပွားတိုးလာပြီနော်
အတွေးအခေါ် လွဲချော်အမှား၊
ကမ္ဘာ့ပြည်သူ ဒေါသဆူ
အပူထပ်ပွား များသည်နှင့်လေး။

– ငြိမ်းချမ်းစေသား တို့များကမ္ဘာ
မေတ္တာရှေ့ထား အမှားဖယ်ရှောင်ခွာ
ညှိနှိုင်းဖြေရှာ သာယာဖို့တွေး၊
စစ်ပွဲကင်းစင် ကမ္ဘာတွင်
ကြည်လင်ရေသို့ အေးမည်နှင့်လေး။

– နွေးထွေးပျူငှာ အဖြေရှာ
ကမ္ဘာစစ်မှာ ကင်းတော့မည်။
တွေးဆကြည့်ပါ ဤလူ့ရွာ
သူငါမေတ္တာ ဝင်းပေါ့အတည်။ ။

(အရှေ့အလယ်ပိုင်းစစ်ပွဲများ ရပ်တန့်ရေး အတွက် ရေးဖွဲ့ပါသည်။)

**အာကာမောင်မောင်**




## အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်မည်

ဂျကာတာ နိုဝင်ဘာ ၅

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် ယခုရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံစလုံးမှ တာဝန်ရှိသူများက ယနေ့တွင် အတည်ပြုထားသည်။

အသက် ၇၃ နှစ်ရှိ သမ္မတ ပရာဘိုဝိုဆူဘီယန်တို အနေဖြင့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တရုတ်နိုင်ငံခရီးစဉ်သည် သမ္မတပရာဘိုဝိုဆူဘီယန်တိုအတွက် အင်ဒိုနီးရှားသမ္မတရာထူး ရယူပြီးနောက်ပိုင်း ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို၏ တရုတ်ခရီးစဉ်သည် တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံဆက်ဆံရေးကိုအခြေအနေသစ်သို့တွန်းပို့ရန် ရည်ရွယ်သောခရီးစဉ်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနကလည်း သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည် ပြီးခဲ့သည့်အောက်တိုဘာ ၂၀ ရက်က အင်ဒိုနီးရှားနိုင်ငံ၏ ရှစ်ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဗာဘီယာအပန်းဖြေစခန်း၌ မူးယစ်ဆေးဝါးရောင်းချသူ ၁၅ ဦးကို ဖမ်းဆီး

စတော့ဟုမ်း နိုဝင်ဘာ ၅

ဗာဘီယာ တောင်ပေါ်အပန်းဖြေစခန်းဒေသ၌ ခြေကုပ်ယူလုပ်ရှားနေသော မူးယစ်မှောင်ခိုရောင်းချသူ ၁၅ ဦးကို ဖမ်းဆီးခဲ့ကြောင်း ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဗာဘီယာအပန်းဖြေစခန်းဒေသ၌ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် မူးယစ်ဆေးဝါးရောင်းချသူ ၁၅ ဦးမှာ ပြင်သစ်နိုင်ငံသားများ ဖြစ်ကြကြောင်း ဆွစ်ဇာလန်ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၎င်းတရားခံများသည် ကိုကင်း မူးယစ်ဆေးဝါး ၁၀ ကီလိုဂရမ်နှင့် အခြားမူးယစ်ဆေးဝါးများကို ရောင်းချခဲ့ကြကြောင်း ဆွစ်ဇာလန်ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗာဘီယာ အပန်းဖြေစခန်းသည် ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်း ပြင်သစ်စကားပြော ဗဲလ်လစ်ပြည်နယ်မှ ကျေးရွာတစ်ရွာ ဖြစ်သည်။

ဗာဘီယာကျေးရွာသည် ကမ္ဘာပေါ်၌ တန်ဖိုးအကြီးမားဆုံးနှင့်လျှောစီးအပန်းဖြေစခန်းများထဲ၌ တစ်ခုအပါအဝင်ဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးထားသည့်မူးယစ်ဆေးဝါးရောင်းချသူများကို ဆွစ်ဇာလန်ရဲတပ်ဖွဲ့က စစ်ဆေးမှုများဆက်လက်ပြုလုပ်လျက်ရှိရာ နောက်ဆက်တွဲဖမ်းဆီးမှုများရှိလာနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားသမ္မတပူတင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးချိုဆွန်ဟွီးကို တွေ့ဆုံ



မော်စကို နိုဝင်ဘာ ၅

ရုရှားသမ္မတပူတင်သည် ယနေ့တွင် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးကို လက်ခံတွေ့ဆုံခဲ့သည်။

ယူကရိန်းစစ်မြေပြင်သို့ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များဖြန့်ကြက်ရန် ရုရှားနိုင်ငံက ကြံစည်နေကြောင်း အနောက်အုပ်စုနိုင်ငံများကစွပ်စွဲနေချိန်တွင် ရုရှားသမ္မတပူတင်က မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးကို လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယူကရိန်းစစ်ပွဲ၌ ရုရှားအောင်ပွဲရချိန်ထိတိုင် ရုရှားနိုင်ငံဘက်မှ ရပ်တည်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ပြောကြားထားပြီးဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးအား ရုရှားသမ္မတပူတင်လက်ခံတွေ့ဆုံမှုကို ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်အတည်ပြုထားကြောင်း သိရသည်။

ရုရှားသမ္မတပူတင်သည် ရုရှားနိုင်ငံသို့ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များရောက်ရှိနေမှုကို ရုရှားသမ္မတပူတင်က ငြင်းဆိုခြင်းမရှိခဲ့ကြောင်း သိရသည်။

ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ယခုနှစ်နွေရာသီအတွင်း စစ်ရေးအကူအညီအပြန်အလှန်ပေးအပ်မှုဆိုင်ရာသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## တာတိုပစ်ဒုံးကျည် ခုနစ်စင်း အရှေ့ဘက်ကမ်းရိုးတန်းဒေသ ကမ်းလွန်ရေပြင်အတွင်းသို့ မြောက်ကိုရီးယားပစ်လွှတ်

ပြုံယမ်း နိုဝင်ဘာ ၅

မြောက်ကိုရီးယားနိုင်ငံသည် ယနေ့တွင် တာတိုပစ်ဘာလစ်စတစ်ဒုံးကျည်အနည်းဆုံး ခုနစ်စင်းကို အရှေ့ဘက်ကမ်းရိုးတန်းဒေသ ကမ်းလွန် ရေပြင်အတွင်းသို့ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

အမေရိကန်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ကျင်းပတော့မည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံက တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် ပစ်လွှတ်ခဲ့သော ဒုံးကျည်များသည် အမြင့်ကီလိုမီတာ ၁၀၀ထိ တက်ရောက်၍ အကွာအဝေး ကီလိုမီတာ ၄၀၀ထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မြောက်ကိုရီးယားဒုံးကျည်များသည် ဂျပန်နိုင်ငံ၏ အထူးစီးပွားရေးဇုန်ပြင်ပ ပင်လယ်ရေပြင်အတွင်း ကျရောက်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

မြောက်ကိုရီးယား နိုင်ငံသည် ၎င်းတာတိုပစ် ဒုံးကျည်များကို ဝန်ဟေးပြည်နယ် ဆာရီဝန်မြို့ အနီးမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံးက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း ဝါဆောင်-၁၉ အမည်ရှိ တိုက်ချင်းပစ်ဒုံးကျည်သစ်ကို စမ်းသပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်သမ္မတရွေးကောက်ပွဲ သမ္မတလောင်းများ နောက်ဆုံးရက်မဲဆွယ်ပွဲများ ကျင်းပ

ဝါရှင်တန် နိုဝင်ဘာ ၅

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ရီပတ်ဘလီကန်သမ္မတလောင်းဒေါ်နယ်ထရန့်နှင့် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ကာမာလာဟားရစ်တို့သည် ရွေးကောက်ပွဲမတိုင်မီ နောက်ဆုံးရက် မဲဆွယ်ပွဲများကို နိုဝင်ဘာ ၄ ရက်တွင် ပြုလုပ်ခဲ့ကြသည်။



ရီပတ်ဘလီကန်ပါတီကိုယ်စားပြုသမ္မတလောင်း ဒေါ်နယ်ထရန့်သည်ရွေးကောက်ပွဲမတိုင်မီ နောက်ဆုံးရက်မဲဆွယ်ပွဲကို မစ်ချီဂန်ပြည်နယ် ဂရန်းရေးပစ်မြို့၌ ကျင်းပခဲ့သည်။

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ကာမာလာဟားရစ်က ၎င်း၏ နောက်ဆုံးမဲဆွယ်ပွဲကို ပင်ဆယ်ဗေးနီးယားပြည်နယ် ဖီလာဒယ်ဖီးယားမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့တွင်ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရလဒ်ခန့်မှန်းရန် အလွန်ခက်ခဲသော ရွေးကောက်ပွဲဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ ဒေါ်နယ်ထရန့်နှင့်ကာမာလာဟားရစ်တို့ရယူထားနိုင်သည့် လူထုထောက်ခံမှုနှုန်းမှာ ဆတူလောက်ပင်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ယနေ့ အမေရိကန်သမ္မတရွေးကောက်ပွဲ အနိုင်ရသမ္မတလောင်း၏အမည်မှာ ရွေးကောက်ပွဲပြီးပြီးချင်း ရက်ပိုင်းအတွင်း ထွက်ပေါ်လာနိုင်ဖွယ်မရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိတ်ချ်-၃ ဒုံးပျံသစ်၏စတုတ္ထမြောက်မစ်ရှင်ကို ဂျပန်အာကာသအေဂျင်စီ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့



**တိုကျို နိုဝင်ဘာ ၅**

ဂျပန် အာကာသအေဂျင်စီသည် အိတ်ချ်-၃ ဒုံးပျံသစ်၏ စတုတ္ထမြောက် မစ်ရှင်ကို နိုဝင်ဘာ ၄ ရက်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ကီရာမီကီ-၃ အမည်ရှိ စစ်သုံးဆက်သွယ်ရေးဂြိုဟ်တု တစ်စင်း သယ်ဆောင်ထားသည့် အိတ်ချ်-၃ ဒုံးပျံကို တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၂၆ မိနစ်အကြာတွင် အိတ်ချ်-၃ ဒုံးပျံသည် ကီရာမီကီ-၃ ဂြိုဟ်တုကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု ဂျပန်အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံသည် နှစ်ပေါင်း ၂၀ ကျော်ကြာ အသုံးပြုခဲ့သည့် အိတ်ချ်-၂ ဒုံးပျံများကို အနားပေးပြီးနောက် အိတ်ချ်-၃ ဒုံးပျံသစ်ကို စတင်သုံးစွဲနေခြင်းဖြစ်သည်။

ဂျပန် အာကာသအေဂျင်စီသည် အိတ်ချ်-၃ ဒုံးပျံသစ်ကို ၂၀၂၃ ခုနှစ် မတ်လတွင် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ဘဲ ဂြိုဟ်တုတစ်စင်း ဆုံးရှုံးခဲ့ရသည်။

သို့ရာတွင် ယခုနှစ် ဖေဖော်ဝါရီလနှင့် ဇွန်လတို့တွင် ထပ်မံပြုလုပ်ခဲ့သည့် အိတ်ချ်-၃ ဒုံးပျံလွှတ်တင်မှုများမှာ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## Rocket Lab ကုမ္ပဏီက ပုဂ္ဂလိကလျှို့ဝှက်ဂြိုဟ်တုတစ်စင်းကို အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် နိုဝင်ဘာ ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ယနေ့တွင် ပုဂ္ဂလိကလျှို့ဝှက်ဂြိုဟ်တု တစ်စင်းကို အီလက်ထရွန် ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် အဆိုပါ ပုဂ္ဂလိကလျှို့ဝှက်ဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အီလက်ထရွန်ဒုံးပျံက သယ်ဆောင်သွားမည့် ပုဂ္ဂလိကဂြိုဟ်တု၏ အသေးစိတ် အချက်အလက်များကို Rocket Lab ကုမ္ပဏီ တာဝန်ရှိသူများ ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ယနေ့မစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၂၀၂၄ ခုနှစ်၏ ၁၂ ခုမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါ မစ်ရှင်သည် Rocket Lab ကုမ္ပဏီအီလက်ထရွန် ဒုံးပျံများ၏ ၅၄ ခုမြောက် မစ်ရှင် လည်းဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် လက်ရှိအချိန်တွင် အီလက်ထရွန် ဒုံးပျံထက် အရွယ်အစားပိုကြီးပြီး



အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သော နျူထရွန်အမည်ရှိဒုံးပျံသစ် တစ်မျိုးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## NEOWISE ဂြိုဟ်သိမ်ရှာဖွေရေးအာကာသယာဉ်က မစ်ရှင်သက်တမ်းကုန်ဆုံးပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်

**ဝါရှင်တန် နိုဝင်ဘာ ၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ NEOWISE ဂြိုဟ်သိမ်ရှာဖွေရေး အာကာသယာဉ်သည် မစ်ရှင် သက်တမ်း ကုန်ဆုံးပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။



NEOWISE အာကာသယာဉ်သည် နိုဝင်ဘာ ၂ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးနောက် လောင်ကျွမ်းပြိုကွဲခဲ့ရကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် NEOWISE အာကာသယာဉ်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် United Launch Alliance ကုမ္ပဏီ၏ ဒယ်လ်တာ-၂ ဒုံးပျံဖြင့်လွှတ်တင်ခဲ့သည်။

မစ်ရှင်သက်တမ်းတစ်လျှောက်လုံးတွင် NEOWISE အာကာသယာဉ်သည်ကမ္ဘာမြေအနီးတစ်ဝိုက်ရှိ ဂြိုဟ်သိမ်ပေါင်း ၃၀၀၀ ကျော် ရှာဖွေပေးနိုင်ခဲ့သည်။

ထို့ပြင် NEOWISE အာကာသယာဉ်သည်အလင်းအားအမြင့်မားဆုံး ကြယ်စုများနှင့် အာကာသတွင်းနက်များကိုလည်း ရှာဖွေပေးနိုင်ခဲ့ကြောင်း နာဆာက သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့အနေဖြင့် NEO-WISE အာကာသယာဉ်နေရာ၌ အစားထိုးမည့် အာကာသယာဉ် တစ်စင်းကို ထပ်မံလွှတ်တင်ဖွယ် ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# H E A L T H

## အမေရိကန်နိုင်ငံတွင် ကလေးများနှင့်လူငယ်များကြား အော်တစ်ဇင်ရောဂါဖြစ်ပွားနှုန်း မြင့်တက်လာ

**နယူးယောက် နိုဝင်ဘာ ၅**

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အမေရိကန်နိုင်ငံ၌ ကလေးများနှင့် လူငယ်များကြား အော်တစ်ဇင် ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတစ်ဝန်း၌ အသက်အရွယ်မျိုးစုံ အော်တစ်ဇင်ဖြစ်ပွားမှုနှုန်းမှာ ၁၇၅ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီး လူ ၁၀၀၀ လျှင် ၆ ဒသမ ၃ ဦးနှုန်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အထူးသဖြင့် အထက်ပါ ၁၀ နှစ်တာကာလအတွင်း အသက် ၂၆ နှစ်နှင့် ၃၄ နှစ်ကြားရှိ လူငယ်များ အော်တစ်ဇင်ဖြစ်ပွားနှုန်းမှာအမြင့်မားဆုံးဖြစ်ခဲ့ပြီး ၄၅၀ ရာခိုင်နှုန်းထိ ရောဂါဖြစ်ပွားနှုန်းရှိခဲ့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အသက် ၎ါးနှစ်နှင့် ရှစ်နှစ်ကြား ကလေးများမှာ အော်တစ်ဇင်ရောဂါဖြစ်ရန် အလားအလာ အများဆုံးအုပ်စုဖြစ်ပြီး လူ ၁၀၀၀ လျှင် ရောဂါဖြစ်ပွားနှုန်း ၃၀ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ရောဂါစစ်ဆေးမှု နည်းလမ်းများ ပိုမိုကောင်းမွန်လာခြင်း၊ အော်တစ်ဇင်ရောဂါနှင့် ပတ်သက်၍ အသိပညာများမြင့်မားလာခြင်းတို့ကြောင့် အမေရိကန်လူငယ်များကြား အော်တစ်ဇင်းစစ်ဆေးတွေ့ရှိမှု မြင့်မားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အယ်ဇိုင်းမားရောဂါဆေးတစ်မျိုးကြောင့် လူနာများအသက်ဆုံးပါးနိုင်ခြေ မြင့်မားနိုင်

**လန်ဒန် နိုဝင်ဘာ ၅**

အဓိကဆေးပညာအောင်မြင်မှုတစ်ရပ်အဖြစ် မှတ်ယူထားသော အယ်ဇိုင်းမားရောဂါဆေးတစ်မျိုးကြောင့် လူနာအသက်ဆုံးပါးနိုင်ခြေပုံမှန်ထက် မြင့်မားလာနိုင်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Lecanemab အမည်ရှိအထက်ပါဆေးဝါးကိုသုံးစွဲသူ အယ်ဇိုင်းမားရောဂါ လူနာများသည် မသုံးစွဲသူလူနာများနှင့် နှိုင်းယှဉ်ပါက တစ်နှစ်တာကာလအတွင်း အသက်ဆုံးပါးနိုင်ခြေ သုံးဆပို၍မြင့်မားလာတတ်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ် တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များမှရရှိသည့် အချက်အလက်များအရ Lecanemab ဆေးသည် အယ်ဇိုင်းမားရောဂါ အခြေအနေဆိုးရွားလာနိုင်မှုကို ၂၅ ရာခိုင်နှုန်း လျှော့ချပေးပြီး လူနာများအသက်ရှင်နိုင်မှုကာလကိုလည်း လေးလမှ ခြောက်လထိ ထပ်တိုးပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် Lecanemab ဆေးကို သုံးစွဲသူများ၏ အသက်ဆုံးပါးနိုင်ခြေမှာ ယခင်လေ့လာချက်များတွင် ခန့်မှန်းထားသည်ထက် ပို၍ မြင့်မားနေသည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

Lecanemab ဆေးကို သုံးစွဲသူ လူနာများ၌ အသက်အန္တရာယ်ရှိ သည့် ဦးနှောက်ရောင်ရမ်းမှုနှင့် သွေးယိုမှုပြဿနာတို့ ပေါ်လာနိုင်ခြေ မြင့်မားလာတတ်သည်ဟု သုတေသန ပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

# အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက ကမ္ဘောဒီးယားဖူဆယ်အသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၅**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာ့ လက်ရွေးစင် ဖူဆယ်အသင်းနှင့် ကမ္ဘောဒီးယား ဖူဆယ်အသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက ငါးဂိုး လေးဂိုး ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့ လက်ရွေးစင် ဖူဆယ်အသင်းက ကမ္ဘောဒီးယား အသင်းကို အကောင်းဆုံး ဖိအားပေးကစား နိုင်ခဲ့ကာ ပွဲချိန်ပထမပိုင်းတွင် မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းက လေးဂိုး သုံးဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် လည်း တစ်ဂိုးစီ အပြန်အလှန် သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီး ဆုံးချိန်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက ငါးဂိုး လေးဂိုး ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့ လက်ရွေးစင် ဖူဆယ်အသင်း အတွက် သွင်းဂိုးများကို ငြိမ်းမင်း စိုးက သုံးဂိုး၊ နိုင်လင်းထွန်းကျော် နှင့် ထွဋ်ဝေထွန်းတို့က တစ်ဂိုးစီ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆီယံ ဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်စုပွဲစဉ် နှစ်ပွဲကစားခဲ့ရာ ဩစတြေးလျ အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ်နှင့် ကမ္ဘောဒီးယားအသင်းနှင့် ပွဲစဉ်၌ အနိုင်ရရှိခဲ့သည့်အတွက် ရမှတ် လေးမှတ်ဖြင့် အုပ်စုတတိယနေရာ တွင်ရပ်တည်နေပြီး အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ်ကစားမည့် အင်ဒိုနီးရှား အသင်းနှင့်ပွဲစဉ်တွင် သရေရလဒ် ရရှိပါက ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

အာဆီယံဖူဆယ် ချန်ပီယံရှစ် ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းသည် နိုဝင်ဘာ ၆ ရက်တွင် အင်ဒိုနီးရှား ဖူဆယ်အသင်းနှင့် ဆက်လက် ကစားသွားရမည်ဖြစ် ကြောင်း သိရသည်။ STA

## ဥရောပရွှေဖိနပ်ဆုအတွက် အမှတ်ပေးဇယားတွင် လီဝမ်ဒေါစကီး ထိပ်ဆုံးမှဦးဆောင်

**ဘာစီလိုနာ နိုဝင်ဘာ ၅**

ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၁၄ ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ရမှတ် ၂၈ မှတ် ရရှိခဲ့သောကြောင့် ဥရောပရွှေဖိနပ်ဆုအတွက် အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

လီဝမ်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့် အက်စ်ပန်ညို အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခြင်း မရှိသော်လည်း အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသ နိုင်ခဲ့ပြီးနောက် ဥရောပ ရွှေဖိနပ်ဆုအတွက် အမှတ်ပေးဇယားတွင် ရမှတ်အများဆုံးဖြစ်လာခဲ့သည်။

လက်ရှိအမှတ်ပေးဇယားတွင် လီဝမ်ဒေါစကီးက သွင်းဂိုး ၁၄ ဂိုး ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၁)၊ အက်စ်တိုးနီးယားကလပ် ကာလ်ဂျူးအသင်းမှ အဲလက်တမ်းက သွင်းဂိုး ၂၇ ဂိုးတွင် ပေးမှတ် တစ်မှတ်သာရရှိခဲ့သဖြင့် ရမှတ် ၂၇ မှတ်ဖြင့် အဆင့်(၂)၊ ပေါ်တူဂီကလပ် စပို့တင်းအသင်းမှ ဂိုကာရက်စ်က သွင်းဂိုး ၁၆ ဂိုးတွင် ပေးမှတ် ၁ ဒသမ ၅ မှတ်ဖြင့် ရမှတ် ၂၄ မှတ် ရရှိခဲ့သောကြောင့် အဆင့်(၃)၊ ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းဂိုး ၁၁ ဂိုး ရမှတ် ၂၂ မှတ်ဖြင့် အဆင့်(၄)တွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Barcablaugranes
Trs : ML

## Women's Track Athlete of the Year award ဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်

**စတော့ဟုမ်း နိုဝင်ဘာ ၅**

ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် အခြေစိုက်သည့် World Athletics အဖွဲ့ချုပ်က ယခုနှစ် Women's Track Athlete of the Year award ဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမား နှစ်ဦးစာရင်းကို ထုတ်ပြန် ကြေညာခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယင်းဆန်ခါတင် စာရင်းဝင် အားကစားမယ်နှစ်ဦးမှာ စိန့်လူစီယာကျွန်းနိုင်ငံမှ အပြေးမယ် ဂျူလီယန်အယ်ဖရက်နှင့် အမေရိကန်အပြေးမယ် ဆစ်ဒနီမက်လောက်တို့ဖြစ်ကြသည်။

ဂျူလီယန်အယ်ဖရက် သည် ယခုနှစ် ပဲရစ်အိုလံပစ်အားကစားပွဲတော်၏ မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ပြီး ဆစ်ဒနီမက်လောက်က မီတာ ၄၀၀ တွင် ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့သည်။

ဂျူလီယန်အယ်ဖရက် သည် ပဲရစ်အိုလံပစ် အားကစားပွဲတော်၏ မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ပြီး စိန့်လူစီယာ ကျွန်းနိုင်ငံ၏ သမိုင်းတွင် အိုလံပစ်အားကစားပွဲတော်၌ အောင်မြင်မှုကို ပထမဆုံး ဆွတ်ခူးခဲ့သော အားကစားမယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

Women's Track Athlete of the Year award ဆုအတွက် ဂျူလီယန်အယ်ဖရက်နှင့် ဆစ်ဒနီမက်လောက်တို့အကြား အပြိုင်အဆိုင်ဖြစ်နေပြီး မဲပေးမှုတွင်လည်း ဆစ်ဒနီမက်လောက်က အသာရဖွယ် ရှိနေသော်လည်း ယခုနှစ်အတွင်း အောင်မြင်မှုမှာ ဂျူလီယန်အယ်ဖရက်က ပိုမိုသာလွန်နေပြီး အောင်မြင်မှုရရှိထားမှု တစ်ခုတည်းဖြင့် Women's Track Athlete of the Year award ဆုအတွက် ရွေးချယ်ခြင်းမဟုတ်၍ မဲရလဒ်ကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

### အားကစားသတင်းအတိုအထွာများ

- ❑ အက်စ်ပန်ညိုအသင်းကို အနိုင်ရခဲ့သည့် ဘာစီလိုနာအသင်းက အမှတ်ပေးပြိုင်ပွဲ သွင်းဂိုး ၄၀ ပြည့်မြောက်ခဲ့ပြီး သမိုင်းတစ်လျှောက် ဒုတိယမြောက် ဂိုးသွင်းအများဆုံးဖြစ်ခဲ့သည်။
- ❑ နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။
- ❑ မန်ယူနှင့်ပွဲစဉ်တွင် ပယ်မာ ဒဏ်ရာရရှိခဲ့သည့်အတွက် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဟု ချဲလ်ဆီးအသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ML

## WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် ကျန်ကွင်းဝမ်အနိုင်ရရှိ

**ရီယာ့ဒ် နိုဝင်ဘာ ၅**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအတွင်း ဒုတိယပွဲစဉ်အဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်ကွင်းဝမ်က (၇-၆၊ ၃-၆၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်ကွင်းဝမ်သည် အုပ်စုမဲခွဲမှုအဖြစ် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာ၊ ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာ၊ အီတလီတင်းနစ်မယ် ပါအိုလီနီတို့ဖြင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုတွင်း ပထမပွဲစဉ်အဖြစ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ပထမပွဲစဉ်အဖြစ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ဆာဘာလင်ကာက ကျန်ကွင်းဝမ်အား (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆာဘာလင်ကာအနေဖြင့် ပါအိုလီနီကိုလည်း အနိုင်ရရှိထားပြီး နှစ်ပွဲဆက်တိုက် အနိုင်ရထားခြင်းကြောင့် အုပ်စုအဆင့်ကို သေချာပေါက် ကျော်ဖြတ်နိုင်တော့မည်ဖြစ်သည်။

ကျန်ကွင်းဝမ်အနေဖြင့် တစ်ပွဲနိုင် တစ်ပွဲရှုံးရလဒ်ကို ရရှိထားပြီး အီတလီတင်းနစ်မယ် ပါအိုလီနီအနေဖြင့်လည်း တစ်ပွဲနိုင် တစ်ပွဲရှုံးရလဒ်ကို ရရှိထားကြောင်း သိရသည်။

ရိုင်ဘာကီနာသည် အုပ်စုတွင်း နှစ်ပွဲကစားကာ နှစ်ပွဲစလုံးရှုံးနိမ့်ထားသည့်အတွက် အုပ်စုအဆင့်ကိုကျော်ဖြတ်နိုင်ရန် ခက်ခဲသွားပြီဖြစ်သည်။



WTA Finals တင်းနစ်ပြိုင်ပွဲသည် ယခုနှစ်အတွင်းကျင်းပသော ပြိုင်ပွဲများ၌ ချန်ပီယံဆုကို ဆွတ်ခူးထားသည့် တင်းနစ်မယ်များအားစုစည်းကာ ရာသီပိတ်ပွဲအနေဖြင့် ကျင်းပပေးသည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

## ဘိုချမ်အသင်းက နည်းပြဟက်ကင်းကို ရာသီကုန်ထိခန့်အပ်ကြောင်း ထုတ်ပြန်

**ဘာလင် နိုဝင်ဘာ ၅**

ဘိုချမ်အသင်းသည် အသင်းမှ ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြဇီးဒလာကို ထုတ်ပယ်ပြီးနောက် ဝုဖ်ဘတ်အသင်း နည်းပြဟောင်း ဟက်ကင်းကို ရာသီကုန်ထိ ကာလတိုစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း သိရသည်။



ဘိုချမ်အသင်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ကိုးပွဲကစားအပြီးတွင် ရမှတ် တစ်မှတ်သာရရှိခဲ့ပြီး နည်းပြဇီးဒလာကို ထုတ်ပယ်ပြီးနောက်ပိုင်း ယာယီနည်းပြ ဖဲလ်ဟော့ တာဝန်ယူသည့် ပွဲစဉ်နှစ်ပွဲဆက်တွင်လည်း ဘိုင်ယန်မြူးနစ်အသင်းကို ငါးဂိုး ဂိုးမရှိနှင့် ဖရန့်ဖတ်အသင်းကိုလည်း ခုနစ်ဂိုး ဂိုးမရှိရလဒ်များဖြင့် ဂိုးပြတ်ရှုံးနိမ့်မှုများရှိခဲ့သောကြောင့် အသင်း တာဝန်ရှိသူများက နည်းပြဟက်ကင်းကို ဘောလုံးရာသီကုန်ထိ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟက်ကင်းသည် ၂၀၁၅ ခုနှစ်က ဝုဖ်ဘတ်အသင်းကို တာဝန်ယူခဲ့ရာတွင် အသင်းကို ဂျာမန်ဖလား၊ စူပါဖလားတို့ ရယူပေးနိုင်ခဲ့သည့်အပြင် တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကိုလည်း ရရှိခဲ့သူဖြစ်ပြီး ဂလာဘတ်၊ ဟမ်းဘတ်အသင်း တို့ကိုလည်း တာဝန်ယူခဲ့သူ ဖြစ်သောကြောင့် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

နည်းပြဟက်ကင်းသည် နူရင်ဘတ်အသင်း၏ အားကစားဆိုင်ရာ အမှုဆောင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် လေးနှစ်နီးပါး အနားယူခဲ့ကာ အသင်းလက်မဲ့ဖြစ်နေချိန်တွင် ဘိုချမ်အသင်း တာဝန်ရှိသူများက ရလဒ်ပိုင်းဆိုးရွားနေသည့် အသင်းကို ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်မည့် နည်းပြဟက်ကင်းကို ကာလတိုစာချုပ်ဖြင့် ခန့်အပ် တာဝန်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Bulinews
Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်တော်ဝင်ရေတပ်က မောင်းသူမဲ့လေယာဉ်တစ်စင်းကို ရဟတ်ယာဉ်ပေါ်က ပထမဆုံးပစ်ချနိုင်ခဲ့မှုကိုသရုပ်ပြသ



ဗြိတိန်နိုင်ငံ တော်ဝင်ရေတပ်သည် မောင်းသူမဲ့လေယာဉ် တစ်စင်းကို လူလိုက်ပါမောင်းနှင်သော ရဟတ်ယာဉ်ပေါ်က ပထမဆုံးအကြိမ် ပစ်ချနိုင်ခဲ့မှုကို မကြာသေးမီက သရုပ်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

AgustaWestland Wildcat HMA 2 ဘက်စုံသုံးရဟတ်ယာဉ်ပေါ်မှ ပစ်လွှတ်လိုက်သော Martlet ဒုံးကျည်တစ်စင်းသည် Bristol ရေလက်ကြားပေါ်တွင် တစ်နာရီလျှင် မိုင်ရာနှင့်ချီပျံသန်းနေသော Banshee jet မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

AgustaWestland Wildcat HMA 2 ဘက်စုံသုံးရဟတ်ယာဉ်သည် အခြားပြင်ပအကူအညီမပါဘဲ ဒရုန်းကို ရှာဖွေတွေ့ရှိ၊ ခြေရာခံထိန်းကျောင်းကာ တိုက်ခိုက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရေတပ်၏ တန်ပြန်ဒရုန်းပြိုင်ပွဲတွင် ဖြေရှင်းချက်နည်းလမ်းတစ်ရပ်ကို ဖော်ထုတ်ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

“ဒါဟာ Wildcat HMA 2 ရဟတ်ယာဉ်အတွက် အံ့သြစရာကောင်းတဲ့ တိုးတက်မှုတစ်ခုဖြစ်ပြီး တော်ဝင်ရေတပ်အတွက် ရေကြောင်းတိုက်ခိုက်မှုစွမ်းရည်မှာ သိသာထင်ရှားတဲ့ တိုးတက်မှုတစ်ခုလဲဖြစ်ပါတယ်။ ဝေဟင်မှာဖြစ်ပေါ်နေတဲ့ လေကြောင်းခြိမ်းခြောက်မှုတွေကို ဟန့်တားချေဖျက်နိုင်စွမ်းကို ပြသနိုင်ခဲ့တာလဲဖြစ်ပါတယ်”ဟု အမှတ်(၈၁၅) ရေကြောင်းလေယာဉ်အုပ် အုပ်မှူးဖြစ်သူ ဂျိမ်းစ်ဝုဒ်က ပြောကြားခဲ့သည်။

ဗြိတိန်တော်ဝင်ရေတပ်သည် Wildcat HMA 2 ဘက်စုံသုံး ရဟတ်ယာဉ်ပေါ်မှ Sea Venom သင်္ဘောဖျက်ဒုံးကျည်၏ ပထမဆုံးအကြိမ် ပွဲထိန်းစမ်းသပ်ပစ်လွှတ်မှု ပြုလုပ်ဆောင်ရွက်ခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ယခုကဲ့သို့ Counter-Drone ဖြေရှင်းချက်အတွက် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်အသုံးပြုပြီး ပစ်လွှတ်စမ်းသပ်ပြသခဲ့ခြင်းဖြစ်သည်။ ဗြိတိန်တော်ဝင်ရေတပ်ရှိ ဖရီးဂိတ်စစ်ရေယာဉ်များ၊ ဖျက်သင်္ဘောများနှင့် လေယာဉ်တင်သင်္ဘောများအားလုံးတွင် ရှာဖွေကယ်ဆယ်ရေး၊ မူးယစ်ဆေးဝါးမှောင်ခိုမှုများ ဖမ်းဆီးရေး၊ တပ်ဖွဲ့ဝင်များ၊ စစ်လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးစသည့် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ရာတွင် Wildcat HMA 2 ဘက်စုံသုံး ရဟတ်ယာဉ်ကို အသုံးပြုလျက်ရှိကြသည်။ ထို့ပြင် ယခုနှစ်အစောပိုင်းက ပင်လယ်နီနှင့် ယီမင်ပင်လယ်ကွေ့တို့တွင် ဟူသီသူပုန်များ၏ မောင်းသူမဲ့လေယာဉ်ဖြင့် အကြိမ်ကြိမ်တိုက်ခိုက်မှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

အပေါ်စားဘက်စုံသုံးဒုံးကျည်အဖြစ်လူသိများသော Martlet ဒုံးကျည်သည် ကြည်း၊ရေ၊ လေသုံး ဒုံးကျည်အမျိုးအစားဖြစ်ပြီး မြေပြင်၊ ဝေဟင်နှင့်ရေပြင် အခြေစိုက်ပလက်ဖောင်းများပေါ်မှ ပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။ သမားရိုးကျနှင့် ဘက်မညီခြိမ်းခြောက်မှုများကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး သံချပ်ကာလူသယ်ယာဉ်များ၊ အမြန်သွား ကမ်းနီးတိုက်ရေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ စသည်တို့ကို ပစ်ခတ်ချေမှုန်းနိုင်စွမ်းရှိသည်။ Thales ကုမ္ပဏီထုတ် အပေါ့စားဒုံးကျည်သည် အလေးချိန်အားဖြင့် ၁၃ ကီလိုဂရမ်ရှိပြီး အလျင်နှုန်း Mach 1.5 ၊ အကွာအဝေး ခြောက်မိုင်ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဗြိတိန် ကာကွယ်ရေးဝန်ကြီးဌာနသည် ဗြိတိန် ကြည်းတပ်၏တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးနှင့် တော်ဝင်ရေတပ်၏တန်ပြန်ရေကြောင်း စစ်ဆင်ရေးစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရန်အတွက် ယခုနှစ် ဇူလိုင်လအတွင်းက Martlet ဒုံးကျည်အမြောက်အမြား မှာယူခဲ့ကြောင်း သိရသည်။

**Royal Navy Demos First Air-to-Air Shoot Down of Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံက ယူကရိန်းအတွက် စစ်ဘက်အကူအညီပေးရေးအစီအစဉ်သစ်တစ်ရပ် ထုတ်ပြန်ကြေညာ

ယခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ယူကရိန်းကာကွယ်ရေးစွမ်းအား မြှင့်တင်ပေးရန်ရည်ရွယ်၍ စစ်ဘက်အကူအညီပေးရေးအစီအစဉ်သစ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်တွင် အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ၊ တင့်ဖျက်ခဲယမ်းများနှင့် Stryker ဘီးတပ် သံချပ်ကာယာဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဤကြေညာချက်သည် ရုရှားနှင့်ယူကရိန်းပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေချိန်တွင် အမေရိကန်၏ မယိမ်းယိုင်သောပံ့ပိုးကူညီမှုများဖြစ်ပြီး လေကြောင်းနှင့်မြေပြင်ဆိုင်ရာ ခြိမ်းခြောက်မှုများကို ကာကွယ်ရန် ယူကရိန်းအတွက် အဓိကစွမ်းအားစုများကို ပံ့ပိုးပေးခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ယခုတစ်ကြိမ် အကူအညီတွင် လေကြောင်းရန် ကာကွယ်ရေးအပေါ် အထူးအာရုံစိုက်ထားပြီး ရုရှားတို့၏ ဒုံးကျည်နှင့် ဒရုန်းတိုက်ခိုက်မှုရန်များမှ ယူကရိန်း အခြေခံအဆောက်အအုံနှင့် တပ်ဖွဲ့ဝင်များကို ကာကွယ်စောင့်ရှောက်ရန် အမေရိကန်၏ဦးစားပေးပံ့ပိုးပေးမှုများကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။ အမေရိကန်အနေဖြင့် ယူကရိန်းကို NASAMS တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် Stinger ပခုံးထမ်းဒုံးကျည်များ ထပ်မံအားဖြည့်ပေးပို့သွားမည်ဖြစ်သည်။

ထို့ပြင် ရုရှားတင့်ကား၊ သံချပ်ကာတပ်ဖွဲ့များကို တန်ပြန်နိုင်ရန်အတွက် တင့်ဖျက်ခဲယမ်းများပါဝင်လာမည်ဖြစ်ပြီး အရေအတွက်အားဖြင့် မည်မျှပေးအပ်မည်ကိုမူ ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။

ယခုတစ်ကြိမ်တွင် Stryker ရှစ်ဘီးတပ်သံချပ်ကာယာဉ်များ တစ်ဒါဇင်ခန့်ပါဝင်လာမည်ဖြစ်ပြီး ယူကရိန်းစစ်မြေပြင်တွင် နည်းဗျူဟာမြောက် အဖိုးတန်ယာဉ်များဖြစ်သည်။ Stryker သံချပ်ကာယာဉ်သည် ရှစ်ဘီးတပ်ဖြစ်ပြီး ရွေ့လျားစစ်ကစားနိုင်စွမ်း မြင့်မားကောင်းမွန်သည်။ အမေရိကန်ကြည်းတပ်အတွက် General Dynamics Land Systems ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသည်။ အကြီးစားချိန်းတပ်ယာဉ်များနှင့် အပေါ့စားဘီးတပ်သယ်ယူပို့ဆောင်ရေးယာဉ်များကြား ကွာဟချက်ကိုဖြည့်ဆည်းပေးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး Stryker သံချပ်ကာယာဉ်တွင် ဘက်စုံသုံးရွေ့လျားစစ်ကစားမှုနှင့်အတူ အဆင့်မြင့်သံချပ်ကာအကာအကွယ်ပါရှိပြီးစစ်ရေးအသုံးချမှုအမျိုးမျိုးအတွက် ရည်မှန်းချက်တာဝန် ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ အလျင်နှုန်း၊ တိတ်ဆိတ်စွာစစ်ဆင်နိုင်စွမ်းနှင့် မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် တပ်ဖြန့်အသုံးပြုနိုင်စွမ်းတို့သည် တပ်ဖွဲ့ဝင်များကို တစ်နေရာမှ တစ်နေရာ လျင်မြန်စွာသယ်ယူရွှေ့ပြောင်းပေးနိုင်မည်ဖြစ်ကာ လက်နက်ငယ်ပစ်ခတ်မှုများ၊ ကျည်ဆန်များနှင့် ဖောက်ခွဲရေးပစ္စည်းအမျိုးအစားကို ကာကွယ်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။



ယူကရိန်းအထူးစစ်ဆင်ရေး စတင်ကတည်းကHIMARS အမြောက်၊ M777 ဟောင်ဝစ်ဇာအမြောက်များမှသည် M1A1 Abrams တင့်ကားများ၊ M2A2 Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များထိ ယူကရိန်းနိုင်ငံကို စစ်လက်နက်ပစ္စည်းအမျိုးမျိုးစဉ်ဆက်မပြတ် ပံ့ပိုးပေးခဲ့ပြီး ကူညီပေးလျက်ရှိသည်။

ယခု နောက်ဆုံးအကူအညီပေးရေးတွင် လေကြောင်းရန်ကာကွယ်ရေး၊ တင့်ဖျက်ခဲယမ်းများနှင့် သံချပ်ကာယာဉ်များ ထည့်သွင်းပေးအပ်ခဲ့မှုသည် ယူကရိန်းနိုင်ငံ၏ ခံစစ်နှင့်ထိုးစစ် နှစ်ရပ်စလုံးကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ပေးအပ်ခဲ့ခြင်းလည်းဖြစ်သည်။ ထိုသို့စဉ်ဆက်မပြတ် ကူညီပေးနေမှုသည် အမေရိကန်နှင့် ယူကရိန်းနိုင်ငံတို့ကြား ကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ယူကရိန်း၏ အချုပ်အခြာအာဏာနှင့် ဒေသတွင်းတည်ငြိမ်ရေးတို့အတွက် အမေရိကန်၏ ကြားဝင်စီမံနေမှုကို သရုပ်ဖော်ညွှန်းလျက်ရှိသည်။

**US provides new military aid for Ukraine with air defense systems anti-tank munitions and Stryker vehiclesကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ယူကေနိုင်ငံ၏ ကင်ဆာရောဂါထိန်းချုပ်နေမှုကို လေ့လာခြင်း

ကမ္ဘာတစ်လွှား ဖြစ်ပွားမှုများပြားလာပြီး လူသေဆုံးမှု၏အဓိကတရားခံဖြစ်လာသည့် ကင်ဆာရောဂါများကို နိုင်ငံအလိုက် ထိန်းချုပ်ဆောင်ရွက်နေကြပုံများကို လေ့လာနိုင်ရန်အတွက် ကမ္ဘာပေါ်တွင် ဆေးပညာအရ ဦးဆောင်နေသည့် ယူကေနိုင်ငံ၏ ဆောင်ရွက်မှုများကို ဆွေးနွေးလိုသည်။ ယူကေနိုင်ငံသည်လည်း အခြားကမ္ဘာ့နိုင်ငံများကဲ့သို့ပင် ကင်ဆာလူနာ ပိုမိုများပြားလာသည့်စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရသည်။ ၂၀၂၄ ခုနှစ် ယူကေနိုင်ငံ၏ လူဦးရေမှာ ၆၈ သန်းရှိသည့်အနက် တစ်နှစ်လျှင် ကင်ဆာလူနာသစ် လေးသိန်းခန့်ရှိနေသည်။ ယူကေနိုင်ငံ၏ အမျိုးသားကျန်းမာရေးဌာန(NHS)သည် နိုင်ငံအတွင်းမှ အင်္ဂလန်နယ်၊ ဝေလနယ်၊ စကော့တလန်နယ်နှင့် မြောက်ပိုင်းအိုင်ယာလန်နယ် အစရှိသည့် ပြည်နယ်များအားလုံးကို မွေးဖွားသည်မှ သေဆုံးသည်ထိတိုင်အောင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။

ယူကေနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုမှာ အဆင့်သုံးဆင့်ရှိသည်။ ပထမအဆင့်က အခြေခံကျန်းမာရေးဌာန သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနများဖြစ်သည်။ ဒုတိယအဆင့်မှာ ခရိုင်အဆင့်ဆေးရုံကြီးများဖြစ်လာသည်။ တတိယအဆင့်က မြို့ပြဆေးရုံကြီးများဖြစ်သည်။ အခြေခံကျန်းမာရေးဌာနများတွင် အထွေထွေရောဂါကုဆရာဝန်များရှိကြပြီး ဌာနတစ်ခုလျှင် လူဦးရေ ၁၀၀၀၀ မှ ၂၅၀၀၀ ခန့်ထိ တာဝန်ယူကုသမှုပေးနိုင်ကြသည်။ ခရိုင်ကျန်းမာရေးဌာနများတွင် အထူးကုဆရာဝန်များဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၂၀၀၀၀၀ မှ ၅၀၀၀၀၀ ထိ တာဝန်ယူကုသပေးသည်။ အထူးကုဆေးရုံကြီးများတွင် လူဦးရေတစ်သန်းခန့်ရှိသည့်ဒေသများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည်။ ယူကေနိုင်ငံ၏ ကျန်းမာရေးမူဝါဒအရ နိုင်ငံသားတစ်ဦးသည် နိုင်ငံအတွင်း မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ညီတူညီမျှ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းရရှိစေရန်ဖြစ်သည်။

**ကင်ဆာကုသရေးမူဘောင်များချမှတ်ခြင်း**

၁၉၉၅ ခုနှစ် ဧပြီလအတွင်း အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံတို့၏ ကျန်းမာရေးဌာနများသည် ကင်ဆာကုသမှုလုပ်ငန်းစဉ်များအတွက် မူဝါဒ၊ လုပ်ငန်းစဉ်မူဘောင်ကို ပုံနှိပ်ထုတ်ပြန်ခဲ့သည်။ ထိုမူဘောင်အရ ကင်ဆာရောဂါများကုသမှုကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သည်။ ပထမအဆင့်အနေဖြင့် ကင်ဆာလူနာများနှင့် စတင်ထိတွေ့ရမည့် အခြေခံကျန်းမာရေးဌာနများမှ အထွေထွေရောဂါကုဆရာဝန်များကို ကင်ဆာသံသယလူနာများနှင့်ပတ်သက်ပြီး လုပ်ဆောင်ရန်လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့သည်။ ဒုတိယအဆင့်အနေဖြင့် ခရိုင်အဆင့်ဆေးရုံများတွင် အဖြစ်များသည့် ကင်ဆာရောဂါများကို ပြီးပြည့်စုံစွာကုသနိုင်ရေးအတွက် အထူးကုဆရာဝန်နှင့် သူနာပြုများ၊ စက်ကိရိယာများဖြည့်တင်းပေးခြင်းဖြစ်သည်။ ခရိုင်ဆေးရုံများတွင် ကင်ဆာဆေးသွင်းကုသနိုင်ရန်ထိ စီစဉ်ပေးထားပြီး ဓာတ်ရောင်ခြည်စက်များ တပ်ဆင်ပေးနိုင်ခြင်းမရှိသေးပေ။

တတိယအဆင့်တွင် မြို့ကြီးများမှ အဆင့်မြင့်ဆေးရုံကြီးများတွင် ကင်ဆာကုသရေးအတွက် လူအင်အား၊ ပစ္စည်းအင်အားမြှင့်တင်ခြင်းဖြစ်သည်။ ဖြစ်ပွားမှုနည်းသည့် ကင်ဆာရောဂါများ၊ ကုသရခက်ခဲနေသည့် ကင်ဆာရောဂါများအပါအဝင် ကင်ဆာရောဂါအားလုံးကို ကုသပေးနိုင်သည့် ဆေးရုံကြီးများဖြစ်သည်။ အဆင့်မြင့်ပုံရိပ်ဖော်စက်ကြီးများနှင့် ဓာတ်ရောင်ခြည်စက်ကြီးများကိုပါ တပ်ဆင်ထားသည်။

**ကင်ဆာကာကွယ်ရေးနှင့် ကြိုတင်ရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်များ**

ဆေးလိပ်တိုက်ဖျက်ရေး၊ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်မှုပုံစံများအသိပညာပေးခြင်း စသည့် ကင်ဆာကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို အခြေခံကျန်းမာရေးဌာနများထိ လမ်းညွှန်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ပေးထားသည်။ နိုင်ငံသားတစ်ဦးသည် နီးစပ်ရာကျေးလက်ကျန်းမာရေးဌာနတွင် ကင်ဆာနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကျန်းမာရေးဝန်ထမ်းများထံမှ



မေးမြန်းနိုင်မည်ဖြစ်သည်။ ၁၉၈၈ ခုနှစ်မှစတင်၍ ယူကေနိုင်ငံတွင် ရင်သားကင်ဆာနှင့်သားအိမ်ခေါင်းကင်ဆာကြိုတင်စစ်ဆေးရေးစီမံချက်ကို စတင်နိုင်ခဲ့သည်။ အသက် ၅၀ မှ ၆၅ အတွင်း အမျိုးသမီးများကို သုံးနှစ်လျှင်တစ်ကြိမ် ရင်သားဓာတ်မှန်ရိုက်စစ်ဆေးပေးသည့်အစီအစဉ်ကိုစတင်ခဲ့ပြီး ယနေ့အချိန်တွင် အသက် ၇၀ နှစ်ပြည့်သည်ထိ အခမဲ့စစ်ဆေးပေးနေပြီဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာကြိုတင်စစ်ဆေးခြင်းကို အသက် ၂၅ နှစ်မှ ၆၄ နှစ်ထိ အမျိုးသမီးများကို အခမဲ့ပြုလုပ်ပေးနေသည်။ အူမကြီးကင်ဆာကြိုတင်စစ်ဆေးမှုကို အသက် ၆၀ မှ ၇၄ နှစ်ကြား အမျိုးသား၊ အမျိုးသမီးအားလုံးကို ၂၀၀၆ ခုနှစ်ကတည်းက အခမဲ့စစ်ဆေးပေးခဲ့သည်။

**ဓာတ်ရောင်ခြည်စက်ဖြင့် ကုသပေးနိုင်မှုအခြေအနေ**

၂၀၂၄ ခုနှစ်တွင် ယူကေနိုင်ငံ၌ ဓာတ်ရောင်ခြည်ကုသမှုပေးနိုင်သည့်ဆေးရုံ ၅၈ ရုံရှိသည်။ ဆေးရုံတစ်ရုံစီတွင် ဓာတ်ရောင်ခြည်စက် နှစ်လုံးမှ ၁၁ လုံးထိ ရှိကြသည်။ ထိုဆေးရုံများအားလုံးတွင် ကွန်ပျူတာဓာတ်မှန်(CT scan)၊ သံလိုက်စက်ကွင်းဓာတ်မှန်(MRI)နှင့် PET/CT scan ကဲ့သို့သော အဆင့်မြင့်ပုံရိပ်ဖော် စက်ကြီးများလည်းရှိသည်။ ဓာတ်ရောင်ခြည်ကင်ဆာကုသဌာနတစ်ခု တည်ဆောက်ရန် မလွယ်ကူပါ။ ဓာတ်ရောင်ခြည်သင့်အန္တရာယ်မှကင်းဝေးစေရေးအတွက် ဘန်ကာများဖြင့် တည်ဆောက်ဖွဲ့စည်းထားရသည်။ ယူကေနိုင်ငံအတွင်း မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ မိနစ် ၃၀ မှ ၄၅ မိနစ်အတွင်း ဓာတ်ရောင်ခြည်စက်ရှိသည့်ဆေးရုံသို့ အရောက်သွားနိုင်ရမည်ဟူသည့် မျှော်မှန်းချက်ရှိသည်။ ဓာတ်ရောင်ခြည်စက်ရှိရာသို့ အလွယ်တကူရောက်ရှိနိုင်လေလေ ကင်ဆာကုသမှုများအောင်မြင်လေလေဖြစ်ကြောင်း သုတေသနတွေ့ရှိချက်များ အခိုင်အမာရှိပြီးဖြစ်သည်။ ဓာတ်ရောင်ခြည်စက်တပ်ဆင်ရာတွင်လည်း ဌာနတစ်ခုလျှင် အနည်းဆုံး နှစ်လုံးရှိရန်လိုအပ်သည်။ သို့မှသာ စက်တစ်လုံးချို့ယွင်းနေသည့်အခါ နောက်စက်တစ်လုံးဖြင့် အစားထိုးပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ယူကေနိုင်ငံရှိ ဓာတ်ရောင်ခြည်ကုသဌာနတိုင်းတွင် ဓာတ်ရောင်ခြည်စက် အနည်းဆုံးနှစ်လုံးတပ်ဆင်ထားခြင်းဖြစ်သည်။

**Proton အမှုန်အသုံးပြု နောက်ဆုံးပေါ်ဓာတ်ရောင်ခြည်စက်များ**

ဓာတ်ရောင်ခြည်စက်တစ်လုံးမှ ထွက်လာသည့် အမှုန်မျိုးစုံရှိသည့်အနက် Proton အမှုန်ထုတ်ပေးနိုင်သည့်ဓာတ်ရောင်ခြည်စက်များသည် အဆင့်အမြင့်ဆုံး၊ နည်းပညာအမြင့်ဆုံးစက်ကြီးများဖြစ်သည်။ ယူကေနိုင်ငံတွင် မည်သည့်ကင်ဆာလူနာကို Proton ဓာတ်ရောင်ခြည်စက်များဖြင့် ကုသပေးမည်ကို ကော်မရှင်ဘုတ်အဖွဲ့ဖြင့် ဆုံးဖြတ်ကြသည်။ ယူကေနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှစတင်၍ Proton အမှုန်သုံးဓာတ်ရောင်ခြည်ကုသနည်းပညာများကို စတင်အသုံးပြုနိုင်ခဲ့ပြီး ၎င်းမတိုင်မီက အမေရိကန်နိုင်ငံနှင့် အခြားဥရောပနိုင်ငံများသို့ Proton ကုသမှုအတွက် သွားရောက်ခဲ့ကြရသည်။

SABR ဟုအမည်ရသည့် အဆင့်မြင့်ဓာတ်ရောင်ခြည်ကုသမှုနည်းပညာသစ်တစ်ရပ်ကိုလည်း ယူကေနိုင်ငံတွင် စတင်အသုံးပြုလျက်ရှိသည်။ SABR ဓာတ်ရောင်ခြည်နည်းပညာ၏ အားသာချက်မှာ ခွဲစိတ်ကုသမှုမခံနိုင်သည့်လူနာများတွင် SABR နည်းဖြင့် ကင်ဆာအကျိတ်များကို ဓာတ်ကင်ပေးနိုင်သည်။ ဓာတ်ကင်ကုသချိန်လည်းတိုတောင်းပြီး ဘေးထွက်ဆိုးကျိုးလည်းနည်းပါးသည်။ SABR နှင့် ကုသမှုခံယူထားသည့်လူနာများကို မှတ်တမ်းတင်ပြုစုထားရှိပြီး သုတေသနရလဒ်အဖြေများထွက်ရှိလာချိန်ကို စောင့်ဆိုင်းနေဆဲဖြစ်သည်။

**ယူကေနိုင်ငံအတွင်းမှ ကင်ဆာကုသရေးမိတ်ဖက်တပ်ပေါင်းစု**

ကင်ဆာရောဂါဆိုသည်မှာ တစ်ဦးတစ်ယောက်ကောင်းဖြင့် ကုသ၍မရနိုင်ချေ။ အထူးကုဆရာဝန်မျိုးစုံ၊ ကုသမှုဌာနမျိုးစုံ၊ ရောဂါရှာဖွေရေးဌာနမျိုးစုံ၊ သူနာပြုကျန်းမာရေးဝန်ထမ်းအမျိုးမျိုးဖြင့် ပေါင်းစပ်ကုသရသည့်ရောဂါတစ်မျိုးဖြစ်သည်။ ၎င်းအတွက် ကင်ဆာကုသရေးလုပ်ငန်းစဉ်တွင်ပါဝင်သည့် ဌာနများ၊ အထူးကုများ၊ သူနာပြုများကို ပေါင်းစည်းချိတ်ဆက်ထားနိုင်သည့် ကွန်ရက်စုစည်းမှုသည် အလွန်အရေးကြီးသည်။ ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှစတင်၍ NHS သည် ကင်ဆာကုသမှုကွန်ရက်များကို ပြန်လည်စုစည်းပြီး ကင်ဆာကုသရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်လာခဲ့သည်။

အင်္ဂလန်နယ်တွင် ကင်ဆာအထူးကုဌာန ၃၀ ခန့်ကို ကွန်ပျူတာကွန်ရက်ဖြင့် ချိတ်ဆက်ထားပြီး ကင်ဆာကုသမှုအဆင့်အတန်း တစ်ပြေးညီဖြစ်စေရေး၊ ကင်ဆာကုသမှုအရည်အသွေးများကို မှတ်ကျောက်တင်စစ်ဆေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ကုသရန်ဆေးမရှိတော့သည့် ကင်ဆာလူနာများကိုကင်ဆာဆေးဝါးသစ်လက်တွေ့သုတေသနလုပ်ငန်းများတွင် ထည့်သွင်းစမ်းသပ်လေ့ရှိကြသည်။ လူနာအတွက် ကုန်ကျစရိတ်လည်းမရှိသည့်ကုထုံးများဖြစ်သည်။ ၎င်းဆေးဝါးသစ်သည် စမ်းသပ်သုတေသနများမရှိဘဲ ကင်ဆာကုထုံးသစ်များလည်း ရှိလာမည်မဟုတ်ပေ။ နိုင်ငံတစ်ဝန်းကင်ဆာလူနာကုသဌာနများကို အင်တာနက်ကွန်ရက်များဖြင့် ချိတ်ဆက်ထားသဖြင့် ကင်ဆာလူနာများအတွက် ကုထုံးသစ်၊ ဆေးဝါးသစ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်စမ်းသပ်ခံခွင့်ရရှိနိုင်ပြီး အကျိုးကျေးဇူးလည်း ရရှိနိုင်ကြသည်။

**စံချိန်စံညွှန်းမီကင်ဆာကုသမှုလမ်းညွှန်ချက်များ**

ကင်ဆာလူနာများအတွက် ကင်ဆာကုသမှုတစ်ပြေးညီရရှိစေရန်အတွက် ကင်ဆာကုသမှုလုပ်ငန်းများသည် စံချိန်စံညွှန်းမီဖြစ်ရန် လိုအပ်သည်။ နိုင်ငံတော်က အခမဲ့ကုသပေးခြင်းဖြစ်သည့်အတွက် ငွေကြေးမတတ်နိုင်သဖြင့် ကုသခွင့်မရရှိခြင်းမျိုးလည်း မရှိနိုင်တော့ပေ။ ၁၉၉၉ ခုနှစ်မှစတင်၍ NICE အမည်ရသည့် ယူကေနိုင်ငံ အမျိုးသားကျန်းမာရေးဌာန၏ ရောဂါကုသရေးလမ်းညွှန်ချက်များတွင် ကင်ဆာကုသမှုလမ်းညွှန်ချက်များလည်း ပါဝင်လာခဲ့ပြီး တစ်နိုင်ငံလုံးမှလူနာများကို စံချိန်စံညွှန်းမီ တစ်ပြေးညီကုသပေးလျက်ရှိသည်။

**စိန်ခေါ်မှုများ**

ယူကေနိုင်ငံ၏ ကင်ဆာရောဂါများကုသရေးအတွက် အဓိကစိန်ခေါ်မှုနှစ်ရပ်မှာ ကျန်းမာရေးဝန်ထမ်းအင်အားနည်းပါးမှုနှင့်ခေတ်မီစက်ကိရိယာလိုအပ်ချက်များဖြစ်သည်။ အထူးသဖြင့် ဓာတ်ရောင်ခြည်ကင်ဆာအထူးကုဆရာဝန်များ၊ ဓာတ်ရောင်ခြည်ပညာရှင်များနှင့် ဓာတ်ရောင်ခြည်ပမာဏတွက်ချက်ပေးရသည့် ရူပဗေဒပညာရှင်များလိုအပ်လျက်ရှိသည်။ ဓာတ်ရောင်ခြည်ကင်ဆာအထူးကုဆရာဝန်တစ်ဦးမွေးထုတ်နိုင်ရေးအတွက် အချိန်ငါးနှစ်ကြာမြင့်သည်။ ယူကေနိုင်ငံ၏ အထက်ပါဓာတ်ရောင်ခြည်အထူးကုနှင့် ကျွမ်းကျင်ဝန်ထမ်းများလေ့ကျင့်သင်ကြားပေးသည့်နည်းစနစ်၊ သင်ရိုးညွှန်းတန်းများမှာ ကမ္ဘာ့စံချိန်မီဖြစ်ပြီး ကမ္ဘာ့နိုင်ငံအများကစံနမူနာယူဆောင်ရွက်လျက်ရှိသည်။ စက်ကိရိယာလိုအပ်ချက်အနေဖြင့် တပ်ဆင်ပြီး ဓာတ်ရောင်ခြည်စက်များကို ပြုပြင်ထိန်းသိမ်းရေးလိုအပ်ချက်များရှိသကဲ့သို့ အသစ်ထပ်မံတပ်ဆင်မည့်စက်များအတွက်လည်း ရန်ပုံငွေလိုအပ်ချက်များရှိနေသည်။

**နိဂုံး**

စိန်ခေါ်မှုနှင့် အားနည်းချက်တချို့ရှိနေသည့်တိုင်အောင် ယူကေနိုင်ငံ၏ ကင်ဆာရောဂါများနှင့်ပတ်သက်သည့် စံချိန်မီကုသမှုလမ်းညွှန်များ၊ နိုင်ငံတစ်ဝန်းလွှမ်းခြုံသည့် ကင်ဆာလူနာမှတ်တမ်းထိန်းသိမ်းမှုသတင်းနည်းစနစ်များ၊ ကင်ဆာအထူးကုဆရာဝန်၊ ကျွမ်းကျင်ပညာရှင်နှင့် သူနာပြုများလေ့ကျင့်မွေးထုတ်ပေးသည့် သင်ရိုးစနစ်များမှာ အတုယူလေ့လာဖွယ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


- WHO. Guidance on Setting Up a Coprehensive Cancer Centre, International Atomic Energy Agency, Vienna, 2024


ဒေါက်တာလွှမ်းမိုးဟန်

# ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ၃၆ ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် သာမညဖလအခါတော်နေ့ ကျင်းပမည်



**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ၃၆ ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် သာမညဖလအခါတော်နေ့ ကျင်းပမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

အဆိုပါ ၃၆ ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် သာမညဖလအခါတော်နေ့ကို တန်ဆောင်မုန်းလ အဖိတ်နေ့နှင့် လပြည့်နေ့တို့တွင် သတ်မှတ်နေရာအသီးသီး၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"တန်ဆောင်မုန်းလ အဖိတ်နေ့ ည ၆ နာရီမှာ ရွှေတိဂုံစေတီတော် ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းရှေ့စရပ်မှ စေတီတော်ကို လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့်အောင်မြေမှာ ရက်ကန်းပြိုင်ပွဲဖွင့်ပွဲ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ည ၁၁ နာရီမှာ ရက်ကန်းပြိုင်ပွဲဆုပေးပွဲ ကျင်းပပြုလုပ်ပေးမှာဖြစ်ပြီးတော့ ဆုရရှိတဲ့ ရက်ကန်းစင်တွေကို ဆုချီးမြှင့်ခြင်း၊ ရရှိလာတဲ့ ပိတ်သားတွေကို ရွှေကြာသင်္ကန်းတော်တွေအဖြစ် ညတွင်းချင်း အပြီးချုပ်လုပ်ခြင်းတို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီမှာတော့ ရွှေကြာသင်္ကန်းတော်နဲ့ စေတီတော်ကြီးကို လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ပြီးတော့ အာရုံခံမုခ်ဦးတွေမှာ သီတင်းသုံးတော်မူကြတဲ့ ရုပ်ပွားတော်များ၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်နဲ့ သတ်မှတ်တန်ဆောင်းတွေမှာ သီတင်းသုံးနေကြတဲ့ ရုပ်ပွားတော်တွေကို မသိုးရွှေကြာသင်္ကန်းတွေ ကပ်လှူပူဇော်မှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ သာမညဖလအခါတော်နေ့ကို ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။ နံနက် ၅ နာရီမှာ ရင်ပြင်တော်တောင်ဘက် ညောင်ခံတန်ဆောင်းမှာ အရဟံဆွမ်းတော်ကြီး ကပ်လှူပူဇော်ခြင်း၊ ဩဝါဒစရိယ ဆရာတော်ကြီးတွေကို အရဟံဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနဲ့ နံနက် ၆ နာရီတွင် ဆရာတော်ကြီးများထံမှ သာမညဖလအခါတော်နေ့ဆိုင်ရာ တရားတော်များနာကြားပြီး ရေစက်ချအနုမောဒနာများ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

မသိုးရွှေကြာသင်္ကန်းရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် သာမညဖလအခါတော်နေ့သို့ လာရောက်ကာ ညအိပ်ကုသိုလ်ယူကြမည့် ဘုရားဖူးပြည်သူများအနေဖြင့် သတ်မှတ်တန်ဆောင်းများတွင် ညအိပ်နားနေကုသိုလ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ ASH

# Twinlight of the Dead ဇာတ်ကား၌ မီလာဂျိုဗိုဗစ်ခ်နှင့် ဘက်တီဂါဘရီယယ်တို့ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၅**

Twinlight of the Dead အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသမီး မီလာဂျိုဗိုဗစ်ခ်နှင့် ဘက်တီဂါဘရီယယ်တို့ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Twinlight of the Dead ဇာတ်ကားသည် မသေနိုင်သူများ၏ တိုက်ပွဲများကြား ကြားညပ်နေသည့် ကမ္ဘာ့နောက်ဆုံးလက်ကျန်လူသားများ၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဘရက်အန်ဒါဆင်က တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

ဒါရိုက်တာ ဘရက်အန်ဒါဆင်သည် The Law နှင့် The Machinist ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

Twinlight of the Dead ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို လာမည့်နှစ် မတ်လအတွင်း စတင်ရန် စီစဉ်ထားသည်။

လက်ရှိတွင် Twinlight of the Dead ဇာတ်ကားရုံတင်ပြသမည့် ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# Miss Universe 2024 ပြိုင်ပွဲ၏ Second Hot Picks နိုင်ငံတကာ အလှမယ်ဦးရေ ၃၀ စာရင်းတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် ပါဝင်နေ

**ရန်ကုန် နိုဝင်ဘာ ၅**

မက္ကဆီကိုနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနေသည့် Miss Universe 2024 ပြိုင်ပွဲ၏ Second Hot Picks နိုင်ငံတကာအလှမယ်ဦးရေ ၃၀ တွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် ပါဝင်နေကြောင်း အလှမယ် သက်စံအန်ဒါဆန်က ပြောပြ၍ သိရသည်။

Miss Universe 2024 ပြိုင်ပွဲ၏ Second Hot Picks စာရင်းတွင် နိုင်ငံတကာအလှမယ်ဦးရေ ၃၀ တွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် Miss Universe Myanmar 2024 သက်စံအန်ဒါဆန်က နံပါတ် ၂၀ တွင် ရပ်တည်နေကြောင်း သိရသည်။



"အခုကတော့ ဒုတိယအကြိမ်မြောက်ထုတ်ပြန်လိုက်တဲ့ Second Hot Picks အလှမယ်အယောက် ၃၀ စာရင်းပါ။ အဲဒီအထဲမှာ နံပါတ် ၂၀ အနေနဲ့တော့ ပါဝင်ခဲ့ပါပြီ။ ဆက်လက်ကြိုးစား ယှဉ်ပြိုင်သွားပါမယ်"ဟု အလှမယ် သက်စံအန်ဒါဆန်က ပြောပြသည်။

နိုဝင်ဘာ ၁၆ ရက်တွင် နောက်ဆုံးပြိုင်ပွဲအဖြစ် ကျင်းပသွားမည့် ၇၃ ကြိမ်မြောက် Miss Universe 2024 ပြိုင်ပွဲတွင် နိုင်ငံတကာ အလှမယ်များနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ASH

# Lunik Heist ဇာတ်ကားသစ်၌ မင်းသား ဂျရက်လီတို၊ ဂျွန်ဖူလာနီတို့ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၅**

Searchlight Pictures ရုပ်ရှင်၏ Lunik Heist အမည်ရှိ ဖြစ်ရပ်မှန်ဇာတ်ကားသစ်၌ မင်းသား ဂျရက်လီတို၊ ဂျွန်မူလာနီနှင့် မင်းသမီး လူပီတာယောင်အိုတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

Lunik Heist ဇာတ်ကားသည် မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တော်၌ ၁၉၅၉ ခုနှစ်တွင် ကျင်းပခဲ့သော ကုန်သွယ်ရေးပြပွဲတစ်ခုတွင် ဆိုဗီယက်အာကာသယာဉ်တစ်စင်းကို ခိုးယူလေ့လာရန် အမေရိကန်အစိုးရက ကြိုးစားခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး Lunik Heist ဇာတ်ကားကို ဒါရိုက်တာ ကမ့်ပါဝါက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကာ ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် တာဝန်ယူရေးသားမည်ဖြစ်သည်။

အမေရိကန်အစိုးရက ဆိုဗီယက်အာကာသယာဉ် ခိုးယူရေးအစီအစဉ် ဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာ ကမ့်ပါဝါသည် Spider-Verse ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူလည်းဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Searchlight Pictures ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**







# Little Mister & Miss Burma 2024 Grand Final ပြိုင်ပွဲကို အလုံမြို့နယ်ရှိ The coriander Leaf Yangon တွင် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

မျိုးဆက်သစ်အလှမောင်နှင့် အလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြသည့် Little Mister & Miss Burma 2024 Grand Final ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ The coriander Leaf Yangon တွင် နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့ကြောင်း အဆိုပါပြိုင်ပွဲကို စီစဉ်သူ Soe San Event Production Founder သော်သော်က ပြောပြ၍ သိရသည်။

အဆိုပါ Little Mister & Miss Burma 2024 Grand Final ပြိုင်ပွဲတွင် သက်တမ်းအလိုက်ဆုများဖြစ်သည့် Baby Miss Winner ဆု၊ Baby Miss Runner ဆု၊ Mini Miss Winner ဆု၊ Mini Miss 1st Runner Up ဆု၊ Little Miss Winner ဆု၊ Little Miss 1st Runner Up ဆု၊ Pre Teeth Miss ဆု၊ Mini Mister Winnerဆု၊ Little Mister Winner ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည့်အပြင် Title ဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"သော်သော်က မျိုးဆက်သစ် အလှမောင်၊ အလှမယ်တွေကို မွေးထုတ်ပေးချင်ခဲ့တာပါ။ အခုလို ငယ်ငယ်ထဲက ပြိုင်ပွဲအတွေ့အကြုံ ရှိပြီးတော့ တစ်ချိန်မှာ အရွယ်တစ်ခုရောက်ရင် စိတ်တိုင်းကျဆိုတာကို ကလေးက ရှိန်မနေအောင်ပါ။ ဒီပြိုင်ပွဲတွေကတစ်ဆင့် တစ်ချိန်မှာ သူတို့အနာဂတ်တွေ ပိုတောက်ပနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု Event Production Founder သော်သော်က ပြောပြသည်။

ASH

# A high-level Myanmar delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing departs to attend the summits in People's Republic of China



Senior General Min Aung Hlaing being seen off at the airport on departure for PRC.

**Nay Pyi Taw November 5**

A high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing departed from Nay Pyi Taw Tatmadaw Airport on a special Myanmar Airways International (MAI) flight this morning. The delegation is set to attend the 8th Greater Mekong Subregion (GMS) Summit, 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit and 11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit at the invitation of Government of the People's Republic of China.

The delegation led by the Senior General, was seen off at the airport by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary and members, Union Ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, the Deputy Head of Mission at the Embassy of the People's Republic of China in Myanmar and officials.

Accompanying the Senior General were Joint SAC Secretary General Ye Win Oo, SAC member General Nyo Saw, Union Ministers, chief ministers and officials from Tanintharyi Region, Yangon Region, and Ayeyawady Region, senior military officers from the Office of the Commander-in-Chief (Army), Deputy Ministers, as well as military and civilian officials.

During the trip, the Senior General will attend summits, hold meetings with officials of the People's Republic of China, and visit landmarks, universities, factories, and industries. Union Ministers, Deputy Ministers, and officials of the delegation will conduct work-related discussions according to their respective sectors. Additionally, discussions will focus on strengthening the friendship between the governments and peoples of the two countries and advancing cooperation in the economy and various sectors.

The delegation led by the Senior General arrived at the international airport in Kunming, China, in the morning local time. Myanmar Ambassador to China U Tin Maung Swe, Chinese Ambassador to Myanmar H.E. Ms. Ma Jia, Military Attaché (Army, Navy, and Air) Commodore Zaw Zaw Naing, Standing Committee member of the Chinese Communist Party Mr. Yang Yalin and officials, along with Chinese Traditional Culture Groups warmly welcomed the delegation by waving the flags of both countries and presenting bouquets and traditional dances. 100




Senior General Min Aung Hlaing and Myanmar delegation being welcomed at Kunming International Airport.

# How 8 issues of 2024 presidential election reveal truth about American democracy?



This photo taken at the U.S. presidential debate media filing center on Sept. 10, 2024 shows U.S. Vice President Kamala Harris (R) and former President Donald Trump during a presidential debate in Philadelphia, the United States.

**Beijing November 5**

The quadrennial U.S. elections provide a unique "window" into the country's politics, economy, and society.

Polls from research organizations like the Pew Research Center and Gallup suggested that the issues currently dominating voters' concerns and sparking debate include inflation, healthcare, crime, education, abortion, housing affordability, shale gas, and immigration.

What solutions do Democratic and Republican candidates propose to address these urgent challenges? Why have their approaches failed to alleviate the worries of American voters? Additionally, how have the eight key issues revealed the state of American democracy in light of the current political turmoil?

To gain more votes, Democratic and Republican presidential candidates have made sweeping promises to tackle inflation. However, many experts remain skeptical about their efficacy and sustainability, citing vague funding plans and the potential strain on a debt-reliant federal government.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at China-Myanmar investment and business matching



Senior General Min Aung Hlaing delivers a speech at the China-Myanmar investment and business matching.

**Nay Pyi Taw November 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the China-Myanmar Investment and Business Matching at HUALUXE Kunming Hotel in Kunming of the People's Republic of China this afternoon.

Also present at the meeting were dignitaries of the delegation who accompany the Senior General, the Myanmar Ambassador to China, the president and members of the Union of Myanmar Federation of Chambers of Commerce and Industry, and persons and Chinese entrepreneurs who wish to invest in Myanmar and officials.

**Relations of trade and investments between two countries and people are a strategic drive for Myanmar to march towards the future**

Speaking on the occasion, the Senior General said he took pride of taking a chance to make a speech. Swe Myo Paukphaw relations between China and Myanmar will reach the diamond jubilee occasion in the future. At present, it can be seen that while initiating the good relations between China-Myanmar people, businesses and government departments, bilateral trust is enhancing the two countries. Especially, the relations on trade and investments which are economic cooperation is a strategic drive for Myanmar to march toward the future.

Myanmar is an agro-based country. Due to its natural location, Myanmar is located in the strategic point where the world's most populous China and the largest market India and rapid developing ASEAN region meet.

In this regard, Myanmar possesses favourable weather and proper land area where agricultural tasks can be successfully done. Myanmar has more than 65 million hactares of farmlands in Southeast Asia. However, Myanmar can grow crops on 20 per cent of its arable lands. So, it is a great opportunity for those wishing to invest in Myanmar to grow crops on the fertile soils without chemical residues. Likewise, there are many opportunities for investors to engage in agro-based livestock breeding farms on a wider scale.

It can be seen that China is successfully applying the advanced technologies and biotechnological farmiong systems in the agriculture sector. Hence, Myanmar's business partner entrepreneurs will be invited to cooperate with Myanmar in transfer of technique through investment, production of agricultural produce suitable with the regions, and manufacturing value-added products with food safety to sustain ecosystem in a long run.

The Senior General said that he is striving for shaping Myanmar as a country capable of primarily producing foods in the world by utilizing agriculture and livestock sound foundations endowed by the nature. Myanmar needs agricultural techniques, fertilizer production, natural fertilizer production, plant medicines and pesticides for enhancement of agricultural products. There are many companies and organizations which contact the Myanmar government to invest in these sectors. Myanmar is ready to provide necessary aid for them to develop these sectors. So, businesspersons are invited to invest in modern machinery and warehosue activities for agricultural tasks to accelerate the mechaned farming.

Currently, Myanmar wishes to produce frozen meat by farming chicken, pit and cows in modern techniques. Bangladesh and India are populous countries, neighbouring countries in the western part of Myanmar. These countries have large food markets. So, Myanmar plans to upgrade the agricultural sector as the mechanized farming to produce value-added agriculture and livestock products. So, foreign investors can invest in agriculture and livestock sectors with separate aid from the government.

In additio to producing value-added products in the agriculture and livestock sectors, Myanmar extends cultivation of cotton and rubber as basic industrial crops. An aim has been set to produce threads and textile from cotton. So, Myanmar has a large area for growing cotton. Short- and long-term plans have been drawn for growing rubber so as to increae per-acre yield. An aim has been set to produce slipper, rubber gloves and tyres with the use of raw rubber. The Senior General gave a message to those businesspersons that Myanmar is encouraging development of production of advanced threads, rubber products and rubber based furniture industries.

Bamboo and rattan are thriving in most parts of Myanmar. Furniture and utensils will be produced with the use of bamboo and rattan to distribute them to the domestic and international markets. In order to systematically develop private wood-based industries being operated in accord with the market economic policy of the State, emphasis is being placed on exchange and cooperation in necessary technology and market information.

As Myanmar cannot produce cement at home sufficiently for construction of infrastructures to develop Myanmar, many opportunities can be seen in production of cement. Myanmar has plentiful of raw materials for cement such as lime, gypsum and common quartz. Moreover, those from solar-powered generation enterprises and hydropower industries from China are urged to invest in Myanmar for generating electricity essential for Myanmar daily. As China is taking a leading role in EV sector in the world, Chinese businesses are invited to invest in Myanmar.

The Myanmar Investment Commission pledges to especially provide aid to services if Myanmar's business partner entrepreneurs invest in manufacturing of fertilizers, produciton of EVs for public transport, fertilizers, steel, agriculture and livestock value-adderd products, medicines and medications, and cooking oil sectors.

In our country, from 1988 to September 2024, foreign investments have reached 93.38 billion U.S. dollars across 12 sectors. Upon reviewing these investments, the agriculture sector accounts for 0.48%, while the livestock and fisheries sector comprises 1.04%. China has invested over 18 million U.S. dollars in the agriculture sector and more than 53.105 million U.S. dollars in the livestock and fisheries sector. We invite investors to increase their investment in Myanmar's agricultural and livestock industries to seize more opportunities for success. Trade between our two countries remains strong, with total imports and exports surpassing 8 billion U.S. dollars in the 2023-2024 fiscal year. Additionally, Myanmar has a unique advantage as it shares borders with some of the world's most populous countries—China, Bangladesh, and India—creating opportunities for advanced food production and other goods.

Myanmar primarily exports agricultural products such as rice, various types of beans, and sesame, along with raw teak, hardwood, and basic wood-based products to China. Efforts are underway to add value to these exports by producing higher-value wood-based products, allowing distribution to both domestic and international markets. Thus, we aim to further enhance trade and investment relations between China and Myanmar. To support our business partners, we have also provided significant incentives, including tax exemptions and benefits.

In the sectors of transportation and infrastructure, Myanmar is strategically located at the intersection of South Asia, Southeast Asia, and China, making it a key hub for connectivity. Additionally, Myanmar serves as a potential gateway to the Indian Ocean for China. We would like to inform investors that Myanmar's transportation and infrastructure sectors offer promising opportunities.


Regionally, Myanmar was among the first countries to ratify the Regional Comprehensive Economic Partnership (RCEP) agreement. China has affirmed Myanmar's participation in the RCEP, which took effect for Myanmar on May 1, 2022. As part of RCEP, Myanmar began issuing RCEP-related certificates of origin and other relevant documentation starting November 1, 2022, providing opportunities for increased economic collaboration. Besides the RCEP agreement, cooperation between Myanmar and China is also supported by bilateral investment agreements, the ASEAN-China Free Trade Area (ACFTA), and Myanmar's Investment Law, which offers protections and smooth operations for investors.

To further support our partner, Chinese business operators in Myanmar, we would like to share additional measures taken to facilitate smooth business operations. We have implemented a direct yuan-kyat payment system for trade, cross-border money transfers, and investments, enabling full utilization of the yuan for investments and transactions.

Myanmar's involvement in China's Global Development Initiatives (GDI) aligns with many of its eight priority sectors, providing ample opportunities for investors to engage in these areas. With Myanmar's strategic plans for agricultural development and investment projects, the focus is on enhancing production capacity and competitiveness through innovation. Therefore, we invite interested parties to collaborate in developing research initiatives and disseminating technology to achieve these goals.

*See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds discussions with Member of CPC Central Committee Secretary of CPC Yunnan Province Committee H.E. Mr. Wang Ning



Senior General Min Aung Hlaing holds talks with Member of the Communist Party of China and Secretary of the CPC Yunnan Province Committee H.E. Mr. Wang Ning.

**Nay Pyi Taw November 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing held discussions with Member of the Communist Party of China and Secretary of the CPC Yunnan Province Committee H.E. Mr. Wang Ning at a parlour of the Haigeng Hotel in Kunming this evening.

First, the Senior General and party were warmly welcomed by the central committee member and secretary of the province party committee and they posed for documentary photographs.

During the discussions, the party central committee member and secretary of the province party committee extended greetings by saying that the Senior General and party were warmly welcomed from Yunnan Province and discussed development of the province, measures taken for economic growth, economic and diplomatic exchanges between Yunnan Province of China and Myanmar, promotion of cooperation by building a community between the two countries through thick and thin, collaboration for combat against transnational crimes and efforts made for timely implementation of projects already agreed by the two countries.

Then, the Senior General expressed thanks for warm welcome and hospitality from Yunnan Province and said the diamond jubilee of diplomatic relations between the two countries will be celebrated soon and the two countries have maintained deep positive relations and have been good neighbourly countries. As the both countries have inseparable relations, ties between Yunnan Province and Myanmar are inseparable and will promote cooperation. Afterward, the Senior General discussed the needs to place emphasis on stability of border areas and to accelerate cooperation for stability of border areas so that export and import trade can be conducted, potentials for cooperation between the two countries for investment in the agriculture and livestock breeding sector as Myanmar has many favourable resources to fulfill requirements of food and basic needs amid population increase in the world, invitation for investments in industries based on agriculture, livestock breeding, renewable forest resources, readiness of Myanmar to promote cooperation in sectors including the education, health and culture sectors and continued cooperation for security of bilateral exchanges.

Afterward, they cordially exchanged views on promotion of economic cooperation between Myanmar and Yunnan Province, coordination for stability of border areas, promotion of cooperation in the investment, trade and electricity generation sectors and training for human resources development.

Also present at the discussions together with the Senior General were Joint Secretary of the SAC General Ye Win Oo, senior officials and officials on tour of the Senior General while the party central committee member and secretary of Yunnan Province Party Committee was accompanied by the Chinese ambassador to Myanmar, members of the standing committee and officials.

After the discussions, the Senior General and the party central committee member and the secretary of the province party committee exchanged gifts.

Then, the Senior General and party enjoyed the dinner hosted by the member of the party central committee and the secretary of the province party committee.

100

*From Page 13*

Regarding the armed conflicts occurring along the China-Myanmar border, it is noted that armed insurgents have ignored peace offers and invitations for political dialogue extended by the government, instead aiming to disrupt border stability. Various means were used with intent to gain political and military advantages so that China could misunderstand Myanmar. The attempt to promote illegal trade in border regions undermines the stability of both governments and endangers regional security. Such insurgent activities and unlawful trades, including previous drug trafficking and smuggling operations, pose risks that extend beyond borders. These groups, who historically perpetuated militaristic ambitions, are reportedly using issues like democracy and ethnic rights as facades to revive militaristic ideologies. And "the dead tiger should not be revived." Given that border trade directly supports the socioeconomic development of both nations' populations, we call for cooperation to restore border stability and enable trade to resume in these regions for the mutual benefit of our citizens.

Through discussions like these, we have been able to share the prospects for cooperation between our two countries. This ceremony reinforces our belief that we can work together towards a long-lasting and enhanced partnership for a brighter future.

**The persons wishing to invest in Myanmar and Chinese business investors discuss things what they want to know and requirements**

Chinese investors interested in Myanmar, as well as those already operating businesses in the country, have discussed their needs and areas of interest.

Additionally, these potential and existing investors shared insights into the current status of their investments in Myanmar, their plans to implement environmentally friendly practices, the challenges they face in their operations, and the status of the Myanmar government to address these challenges to facilitate smoother investments.

They held a friendly and open discussion with the Chairman of the State Administration Council, the Prime Minister about investment conditions in Myanmar, Myanmar's export and import policies, ways to enhance business communication between the two countries, interest in coal-based fertilizer production in Myanmar, and the benefits this project could bring to Myanmar and its citizens. They also expressed appreciation for addressing the questions from Chinese businessmen.

**Relevant Union ministers hold discussions**

Union Ministers provided further insights into the questions and discussions raised by Chinese companies. Dr. Kan Zaw, Union Minister for Investment and Foreign Economic Relations, and U Ko Ko Lwin, Union Minister for Energy, emphasized Myanmar's commitment to renewable energy for electricity generation and consumption, along with long-term plans for sustainable electricity use. They highlighted the government's focus on inviting eco-friendly investments, particularly in power generation, as well as easing import and export policies to attract investors. The ministers discussed measures to stabilize the local economy, such as forming committees to facilitate foreign currency exchange and control inflation spurred by Western financial sanctions. To streamline cross-border business, they encouraged direct currency payments (Kyat-Yuan, Kyat-Baht and Kyat-Rupee). Additionally, they outlined ongoing feasibility studies and phased processes for a coal-based fertilizer production project, which aims to bring significant economic benefits to Myanmar.

**Response of the Prime Minister to discussions**

The Prime Minister provided additional insights on renewable energy during the discussions with Chinese companies and Union Ministers. He highlighted that Myanmar, like China, has significant potential for renewable energy sources such as hydropower, solar, and wind. Given Myanmar's hot climate, solar power projects could be particularly effective in certain regions, and water supply through solar-generated electricity could enhance their success. The Prime Minister also emphasized the importance of environmental greening initiatives alongside these projects, especially for hydropower, where conservation efforts are essential. He affirmed Myanmar's commitment to creating an environmentally sustainable energy sector and welcomed further investments from Chinese entrepreneurs.

To address inflation, solutions are being developed through a direct payment method to safeguard the interests of traders and investors in Myanmar. Measures will be taken to ensure they face no losses, and any challenges encountered can be reported for swift resolution by the state.

*From Page 15*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits Yunnan Vocational and Technical College and Kunming University of Science and Technology


Senior General Min Aung Hlaing and Myanmar delegation receive a briefing by Chinese officials.


Senior General Min Aung Hlaing observes an advanced technology tool.

**Nay Pyi Taw November 5**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and members of the delegation who are in the People's Republic of China visited Yunnan Vocational and Technical College and Kunming University of Science and Technology in Kunming this afternoon.

First, the Senior General and party arrived at Yunnan Vocational and Technical College and were welcomed by officials of the college.

Then, reports on points of the college, vocation and technical courses at the college, establishment of interrelations with international vocational colleges and universities including University for Development of National Races under the Ministry of Border Affairs of Myanmar, generation of technical and technological employees and experts, and other functions were presented. The Senior General asked for more information and held discussions in detail.

The Senior General and party were conducted around the technological events of global level technical competitions and prize-winning advanced technology tools at the Electromechnical Training Centre, and cable trainings at the China's Training Base for WorldSkills Competition Information Network Cabling by officials who presented a wide range of descriptions.

On arrival at Kunming University of Science and Technology, the Senior General and party were welcomed by party secretary of the university Mr. Teng Jiahua and officials. At the AI testing centre, functions of the university were explained with the help of a video clip. Pro-rector Mr. Liu Yanwen presented AI practical test shows.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and party were conducted around the teaching departments on UAV- and drone-used farming and construction and scouting ability of the UAVs and drones, humanoid robotic technology, sensory system application. After asking for further information, the Senior General held discussions in detail.

The Senior General and the university party secretary exchanged commemorative gifts and posed for documentary photos together with university officials.

Established on 1 September 1954, the university is now 70 years old. It is an engineering-oriented university which also houses departments that teach medical, agricultural, food, biology, and technological subjects in its campus. Currently, it has signed 245 international cooperation agreements with 190 universities and research centres of 49 countries and regions. It is also opening engineering and management skill courses, technological courses for neighbouring countries and advanced research cooperation and exchange programs for developing countries.

100


Senior General Min Aung Hlaing observes a piece of advanced technology equipment.


Senior General Min Aung Hlaing views documentary photos.

*From Page 14*

For those interested in investing in agriculture, opportunities are available in Myanmar, following state regulations. Necessary support will be provided, and investors are encouraged to focus on producing finished goods. A collective effort is needed to fully restore trade activities in the border regions to their original levels.

Given Myanmar's strong agricultural foundation, he encouraged the successful implementation of the coal-based fertilizer production project, with improvements progressing as required. For potential investments in steel production, further discussions are welcomed to explore the possibilities.

In conclusion, the Chairman of the State Administration Council, the Prime Minister expressed his satisfaction with the friendly discussion, encouraging investment in Myanmar with confidence for strong business cooperation.

Following the meeting, the Chairman of the State Administration Council, the Prime Minister, and the members warmly greeted the Chinese-Myanmar business representatives and joined them for a luncheon hosted by the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI). 100






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ရှိ AI နည်းပညာစမ်းသပ်ခန်းအတွင်း၌ တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ Video Clip ဖြင့် ဖွင့်လှစ်ရှင်းလင်းပြသမှုကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်အတွင်းရှိ UAV နှင့် Drone နည်းပညာအသုံးပြု လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ကင်းထောက်နိုင်မှုစွမ်းရည်များအား သင်ကြားပို့ချမှုဌာန၊ လူသားအစားထိုး အဆင့်မြင့်စက်ရုပ်နည်းပညာ၊ အာရုံခံစနစ်အသုံးပြုမှု နည်းပညာအသုံးချမှုစနစ်အား သင်ကြားပို့ချမှုဌာနတို့ကို လေ့လာကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ် ပါတီအတွင်းရေးမှူး Mr. Teng Jiahua တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြစဉ်။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာ ကောလိပ်သို့ရောက်ရှိကြရာ ကောလိပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကောလိပ်ဆိုင်ရာအချက်လက်များ၊ ကောလိပ်မှဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သက်မွေးပညာဘာသာရပ်များနှင့် နည်းပညာဆိုင်ရာဘာသာရပ်များ၊ မြန်မာနိုင်ငံ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အပါအဝင် နိုင်ငံတကာမှ သက်မွေးဘာသာရပ်ဆိုင်ရာ သင်ကြားပေးနေသည့် ကောလိပ်များ၊ တက္ကသိုလ်များဖြင့် ဆက်ဆံမှုစနစ်ထူထောင်ထားရှိပြီး ကူးလူးဆက်ဆံဆောင်ရွက်လျက်ရှိမှု၊ အတတ်ပညာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များ မွေးထုတ်ပေးလျက်ရှိမှုနှင့် အခြားဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကောလိပ်အတွင်းရှိ Electromechanical Training Centre အတွင်း ကမ္ဘာ့အဆင့်အတတ်ပညာဆိုင်ရာ ပြိုင်ပွဲများ၊ ပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နည်းပညာရပ်ဆိုင်ရာများ၊ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အဆင့်မြင့်နည်းပညာအသုံးပြုစက်ကိရိယာများ ခင်းကျင်းပြသထားရှိမှု၊ China's Training Base For WorldSkills Competition Information Network Cabling အတွင်း ကေဘယ်ဆိုင်ရာ လေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ တက္ကသိုလ်ပါတီအတွင်းရေးမှူးဖြစ်သူ Mr. Teng Jiahua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တက္ကသိုလ်ရှိ AI နည်းပညာစမ်းသပ်ခန်းအတွင်း၌ တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ Video Clip ဖြင့် ဖွင့်လှစ်ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်ဖြစ်သူ Mr. Liu Yanwen က AI နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို လက်တွေ့စမ်းသပ်ပြသသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းရှိ UAV နှင့် DRONE နည်းပညာအသုံးပြု လယ်ယာစိုက်ပျိုးရေး၊ဆောက်လုပ်ရေးနှင့်ကင်းထောက်နိုင်မှုစွမ်းရည်များအား သင်ကြားပို့ချမှုဌာန၊ လူသားအစားထိုး အဆင့်မြင့်စက်ရုပ်နည်းပညာ၊ အာရုံခံစနစ်အသုံးပြုမှုနည်းပညာအသုံးချမှုစနစ်အား သင်ကြားပို့ချမှုဌာနတို့သို့ လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက္ကသိုလ် ပါတီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး တက္ကသိုလ်မှတာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ကို ၁၉၅၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်အတွင်း လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်ရှိ China's Training Base For WorldSkills Competition Information Network Cabling အတွင်း ကေဘယ်ဆိုင်ရာ လေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်ရှိ Electromechanical Training Centre အတွင်း ကမ္ဘာ့အဆင့်အတတ်ပညာဆိုင်ရာ ပြိုင်ပွဲများ၊ ပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နည်းပညာရပ်ဆိုင်ရာများ၊ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အဆင့်မြင့်နည်းပညာအသုံးပြုစက်ကိရိယာများ ခင်းကျင်းပြသထားရှိမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

ဖြစ်ပြီး နှစ်ပေါင်း ၇၀ သက်တမ်းရှိပြီဖြစ်ကာ အင်ဂျင်နီယာဘာသာရပ်ကို အဓိကထား၍ သင်ကြားပို့ချလျက်ရှိသည့် တက္ကသိုလ်တစ်ခု ဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်းအတွင်း၌ ဆေးဝါး၊ စိုက်ပျိုးရေးအစားအစာ၊ ဇီဝ၊ နည်းပညာများနှင့်သက်ဆိုင်သည့် ဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံနှင့် ဒေသပေါင်း ၄၉ ခုမှ တက္ကသိုလ်များနှင့် သုတေသနစင်တာပေါင်း ၁၉၀ နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် ၂၄၅ ခုကို လက်မှတ်ရေးထိုးထားရှိပြီး ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအတွက် အင်ဂျင်နီယာနှင့် စီမံခန့်ခွဲမှုစွမ်းရည်သင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ နည်းပညာများ သင်ကြားပေးခြင်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သုတေသနနှင့် ဖလှယ်မှုများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဆူးလေဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံတံတားရှိသိုလှောင်ရုံများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံခန့်ခွဲလျက်ရှိသည့် ဆူးလေဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံတံတားတို့သို့ရောက်ရှိပြီး ကုန်တင်၊ ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းရှိသိုလှောင်ရုံများတွင် ကုန်ပစ္စည်းများသိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဆူးလေဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာချုပ်က သိုလှောင်ရုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နိုင်ငံတော်နှင့် ဌာနဝင်ငွေရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအခါ ပွင့်လင်းရာသီသို့ရောက်ရှိပြီဖြစ်၍ မြန်မာ့လယ်ယာထွက်ကုန်ပို့ကုန်များ ရန်ကုန်ဆိပ်ကမ်းမှတင်ပို့ရာတွင် ဆူးလေဆိပ်ကမ်းတံတားကို အဓိကထားသုံးစွဲကြရသည်ဖြစ်၍ ဆူးလေဆိပ်ကမ်းတံတားအနေဖြင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေး အလေးထားဆောင်ရွက်ကြရန်၊ ကုန်စည်များတင်ပို့ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်းသည် နိုင်ငံ့လူမှုစီးပွားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဖြစ်ရာ ဌာနပိုင်၊ ပုဂ္ဂလိကပိုင် ဆိပ်ခံတံတားများ ကြံ့ခိုင်ကောင်းမွန်နေစေရေးအတွက်လည်း စဉ်ဆက်မပြတ်စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်၊ ဆိပ်ကမ်းဧရိယာအတွင်း လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဆူးလေဆိပ်ကမ်း အမှတ်(၁)၊ (၂)၊ (၃)တွင် ရော်ဘာ Fender တပ်ဆင်နေမှုများကို စစ်ဆေးကြည့်ရှုပြီး အရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာဆိပ်ကမ်းဖြစ်၍ နိုင်ငံခြားအလံတင်သင်္ဘောများ အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လမ်းမတော်ဆိပ်ကမ်းဧရိယာသို့ရောက်ရှိပြီး မြန်မာ့မီးရထား ဝါးတန်းကုန်ရုံရှိ သိုလှောင်ရုံများနှင့် မီးရထားလမ်းအခြေအနေများကိုလည်းကောင်း၊ ပြည်တွင်းခရီးစဉ်ရေယာဉ်များဆိုက်ကပ်သည့် ဆိပ်ခံဇောတံတားများ၊ ရန်ကုန်မြစ် တစ်ဖက်ကမ်းသို့သွားလာသည့် သမ္ဗန်ဆိပ်များနှင့် ဆိပ်ကမ်းသိုလှောင်ရုံများသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion(GMS) Summit)၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား- မဲခေါင်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာထိပ်သီးအစည်း အဝေး(10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS)Summit) နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီး အစည်းအဝေး (11th Cambodia-Lao PDR-Myanmar-Vietnam(CLMV) Summit) တို့သို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)မှ အထူး လေယာဉ်ဖြင့် နေပြည်တော်တပ်မတော် လေဆိပ်မှ ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင် သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီဝင် များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည် တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင် နှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့ မှဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့် မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယ ဝန်ကြီးများ၊စစ်ဘက်၊နယ်ဘက်မှ တာဝန်ရှိ သူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

အဆိုပါခရီးစဉ်အတွင်းထိပ်သီးအစည်း အဝေးများသို့တက်ရောက်ခြင်း၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိ သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံရှိ အထင်ကရနေရာ များ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံ များသို့ လေ့လာသွားကြမည်ဖြစ်ကြောင်း နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် တာဝန်ရှိသူများသည်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ် သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများ ကိုဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများအကြား ချစ်ကြည် ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွား မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင် သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရောက် ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia၊ မြန်မာ စစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်၊ တရုတ်ကွန်မြူနစ်ပါတီ၊ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ပန်းစည်းကမ်း ခြင်း၊ နှစ်နိုင်ငံအလံများဝှေ့ယမ်း၍ ရိုးရာ ယဉ်ကျေးမှုအကအလှများ ကပြခြင်း တို့ဖြင့် သောင်းသောင်းဖြဖြလှိုက်လှဲ နွေးထွေးစွာကြိုဆိုခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။






နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရုတ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုစဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ကမ္ဘာ့ ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ(ICWA)၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီ မြို့၌ ယနေ့မှ နိုဝင်ဘာ ၆ ရက်ထိ ကျင်းပ မည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖက်ဒရယ် စနစ်ဆိုင်ရာဆွေးနွေးပွဲသို့တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှအိန္ဒိယ နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning နှင့် ယနေ့ညနေပိုင်းတွင် ကူမင်းမြို့ရှိ Haigeng Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning က တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ကြစဉ်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုအပ်ပါကြောင်းဖြင့် ဦးစွာပြောကြားပြီး ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား သံတမန်ရေးအရ၊ စီးပွားရေးအရ ကူးလူးဆက်ဆံဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်၍ နယ်ပယ်အလိုက်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်မှုများကို အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံသဘောတူညီပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့ကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံမှု ၇၅ နှစ် စိန်ရတုကာလသို့ မကြာမီရောက်ရှိတော့မည်ဖြစ်ပြီး နှစ်နိုင်ငံအကြား နက်ရှိုင်းသည့် ဆက်ဆံရေးကောင်းများရှိကာ အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြောင်းဖြင့် ပြောကြားပြီး နှစ်နိုင်ငံအကြား ခွဲခြား၍မရသည့် ဆက်ဆံရေးကောင်းကို ပိုင်ဆိုင်ထားပြီးဖြစ်သကဲ့သို့ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံသည်လည်း ခွဲခြား၍မရနိုင်ဘဲ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်သွားရန်လိုအပ်မှု၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုကို ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မှု၊ ကမ္ဘာတစ်ဝန်း၌ တိုးတက်လာသည့် လူဦးရေနှင့်အတူ ကြုံတွေ့လာရသည့် စားရေရိက္ခာလိုအပ်ချက်အား မြန်မာနိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးနိုင်မည့် အရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ သစ်တောထွက်သယံဇာတများကိုအခြေခံသည့် စက်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုမှု၊ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုတို့အပါအဝင် အခြားသောကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံဘက်မှ အသင့်ရှိသည့် အခြေအနေများနှင့် နှစ်ဖက်ကူးလူးဆက်ဆံသွားလာရေးတွင် လုံခြုံချောမွေ့ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ လူသားအရင်းအမြစ်လေ့ကျင့် မွေးထုတ်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးနှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးစဉ်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအားလျှပ်စစ်၊နေရောင်ခြည်သုံးလျှပ်စစ်၊ လေအားလျှပ်စစ်ဟူ၍ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားတို့ကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိ၊ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်းသည့် ရာသီဥတုရှိသည့်အတွက် နေရောင်ခြည်သုံးဆိုလာစွမ်းအင်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်...**

ရှိကြောင်း။

တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာအသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာလွှဲပြောင်းရယူရေး နှင့် ပိုးသတ်ဆေးလိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်း ရှိကြောင်း၊ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပေးရန် အသင့်ရှိကြောင်း၊ စက်မှု



ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဆွေးနွေးပြောကြားစဉ်။



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဆွေးနွေးပြောကြားစဉ်။















မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို ဆွေးနွေးပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွှယ်မှုသည် မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ယခုလို ပြောကြားခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မကြာခင်ကာလတွင် စိန်ရတုမှတ်တိုင်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူများအကြား၊ စီးပွားရေးလုပ်ငန်းများအကြား၊ အစိုးရဌာနများအကြား ကောင်းမွန်သည့် ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ရင်း အပြန်အလှန်ယုံကြည်မှုများ ပိုမိုတိုးတက်ခိုင်မြဲလာသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွှယ်မှုကလည်း မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ကို ဖြစ်စေကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သဘာဝအရ တည်ရှိနေသည့် တည်နေရာကြောင့် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကြီးမားသည့် ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသော အာဆီယံဒေသတွင်း၏ အချက်အချာကျသည့် နေရာတွင်ရှိနေကြောင်း။

ယင်းနှင့်ဆက်စပ်ပြီး ပြောရမည်ဆိုပါက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတုနှင့်မြေအကျယ်အဝန်း ရှိပါကြောင်း၊ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေဟက်တာ ၆၅ သန်းကျော်ရှိပြီး လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်ပါသေးကြောင်း၊ ယင်းသည် မြေဆီဩဇာကြွယ်ဝကောင်းမွန်ပြီး ဓာတုပစ္စည်းများသက်ရောက်မှုမရှိသေးသည့် စိုက်ပျိုးမြေနေရာများစွာကို ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်းများပင်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အခွင့်အလမ်းများလည်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လိုကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝကပေးသည့် စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများကိုအသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာအဓိကထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သဘာဝမြေဩဇာထုတ်လုပ်ရေး၊ အပင်အားဆေးလယ်ယာကဏ္ဍကို အရှိန်အဟုန်မြင့်တင်နိုင်မည့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ၊ သိုလှောင်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုကြောင်း။

လက်ရှိဆောင်ရွက်နေသည့် ကြက်၊ ဝက်၊ နွားမွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူပြီး အေးခဲအသားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အနောက်ဘက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သည် လူဦးရေများပြားသည့်နိုင်ငံများဖြစ်ပြီး စားနပ်ရိက္ခာဈေးကွက်ကြီးမားလှကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကို စက်မှုလယ်ယာအဖြစ် မြှင့်တင်ပြီး စိုက်ပျိုးရေး၊မွေးမြူရေးကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊

စာမျက်နှာ ၂၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် သီးခြားကူညီထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိသည်ကို အလေးထားပြောကြားလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်အပြင် အခြေခံစက်မှုကုန်ကြမ်း သီးနှံများဖြစ်သည့် ဝါနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နေကြောင်း၊ ဝါမှတစ်ဆင့် ချည်မျှင်၊ ၎င်းမှ အထည်အလိပ်များ ထုတ်လုပ်နိုင်ရန်အထိ ရည်ရွယ်ချက်ထား လုပ်ဆောင်နေခြင်းဖြစ်ပြီး ဝါစိုက်ပျိုးနိုင်သည့် မြေနေရာများ စွာရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ကာလတို၊ ကာလရှည်စီမံကိန်းများရေးဆွဲပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ရော်ဘာကုန်ကြမ်းမှ ဖိနပ်၊ရော်ဘာလက်အိတ်နှင့် တာယာအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်ရေး ရည်ရွယ်ထားကြောင်း၊ မိမိအနေဖြင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သား၊ သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်းများအပြင် အဆင့်မြင့်ချည်ထုတ်လုပ်ခြင်း၊ အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ရော်ဘာအခြေခံ ပရိဘောဂပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည်ကို သတင်းကောင်းပါးလိုကြောင်း။

မြန်မာနိုင်ငံ၏ ဒေသအများစုတွင် ဝါးနှင့်ကြိမ်တို့ ပေါက်ရောက်ကြောင်း၊ ယင်းဝါးနှင့် ကြိမ်ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်တွင် ယခုထက်ပိုပြီး ဖြန့်ချိနိုင်ရန် လိုအပ်နေကြောင်း၊ ထိုသို့ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ဖြစ်ပေါ်လာသည့် ပုဂ္ဂလိကသစ်အခြေခံစက်မှုလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့်နည်းပညာနှင့် ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဦးတည်ချက်ထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် ဘိလပ်မြေများကို ပြည်တွင်းတွင် လုံလောက်အောင် မထုတ်လုပ်နိုင်သေးသည့်အတွက် ဘိလပ်မြေထုတ်လုပ်ရေးကဏ္ဍကလည်း အခွင့်အလမ်းများစွာရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်ရန် အခြေခံကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်၊ဂျစ်ပဆန်နှင့် ဂေါ်ဒန်ကျောက်များ ပေါကြွယ်ဝကြောင်း၊ ထို့ပြင် နေ့စဉ်မဖြစ်မနေအသုံးပြုနေရသည့် လျှပ်စစ်ဓာတ်အားအတွက်လည်း တရုတ်နိုင်ငံတွင် အောင်မြင်ပြီးဖြစ်သည့် ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းများကို လာရောက်ရင်းနှီးလုပ်ကိုင်စေလိုကြောင်း၊ တရုတ်နိုင်ငံသည် လျှပ်စစ်ကားကဏ္ဍတွင် ကမ္ဘာ့ဦးဆောင်နေရာကိုရရှိပြီးဖြစ်သောကြောင့် လျှပ်စစ်ကားလုပ်ငန်းကိုလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးလျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးပြီး ဝန်ဆောင်မှုများ အထူး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သည့်အခါ စိုက်ပျိုးရေးကဏ္ဍတွင် သုည ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း၊ လူကြီးမင်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် အခုထက်ပိုမိုပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်၊ ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်ရပ်တည်နေသောကြောင့် စားနပ်ရိက္ခာ၊ အခြားကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး အဆင့်မီတိုးမြှင့်ထုတ်လုပ်ရန်အခွင့်အလမ်းရှိသည့်နိုင်ငံဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည်မှာ ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံအချောထည်ထုတ်ကုန်များဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုလို ပို့ကုန်များကို တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များ (Value-added Wood-based Products)အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရုတ်-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်မကတိုးမြှင့်သွားလိုကြောင်း၊ ယင်းအတွက်လည်း မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာပံ့ပိုးပေးထားကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊အခြေခံအဆောက်အအုံကဏ္ဍများနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ဆုံရာနေရာ၌ အချက်အချာကျကျတည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်မှုလမ်းဆုံနေရာတွင်ရှိကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍသည်လည်း လူကြီးမင်းတို့အတွက် အလားအလာကောင်းများရှိသည့်အတွက် အသိပေးလိုကြောင်း။

ဒေသတွင်း ဆောင်ရွက်ချက်များကို ပြောရမည်ဆိုပါက မြန်မာနိုင်ငံက ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့်ပထမဆုံးနိုင်ငံများထဲတွင်ပါဝင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေ ၁ ရက်မှစပြီး အသက်ဝင်ခဲ့ကြောင်းကို အတည်ပြုပေးခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း RCEP သဘောတူစာချုပ်အရ RCEP ဖောင်ပုံစံများနှင့် ဆက်စပ်အာမခံချက် စာရွက်စာတမ်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ပြီး ထုတ်ပေးလျက်ရှိကြောင်း၊ လူကြီးမင်းတို့အနေဖြင့် စီးပွားရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ်(ACFTA)နှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေးအစီအမံများကြောင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာနှင့် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဆက်လက်ပြီး မိမိတို့၏ မိတ်ဖက်တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် မိမိတို့၏ ဆောင်ရွက်ချက်အချို့ကို ထပ်မံမျှဝေလိုကြောင်း၊ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယွမ်နှင့် ရင်းနှီးမြှုပ်နှံမှုများ အပြည့်အဝပြုလုပ်နိုင်ကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives-GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင်လည်း မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို အဓိကမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တက်ရောက်လာသည့် လူကြီးမင်းတို့အနေဖြင့် သုတေသနလုပ်ငန်းများဖွံ့ဖြိုးမှုနှင့် နည်းပညာဖြန့်ဖြူးခြင်းပိုင်းတွင် ဝင်ရောက်လက်တွဲလုပ်ကိုင်ကြရန်လည်း အလေးထားဖိတ်ခေါ်လိုကြောင်း။


မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ငြိမ်းချမ်းရေးကမ်းလှမ်းချက်များနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်မှုများကို မျက်ကွယ်ပြုပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားအောင် နည်းမျိုးစုံဖြင့် ပြုလုပ်ပြီး နိုင်ငံရေးအရ၊ စစ်ရေးအရ အမြတ်ထွက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများကို အားပေး ဆောင်ရွက်နေခြင်းသည် နှစ်နိုင်ငံအစိုးရများနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုမရှိဘဲ ဒေသတည်ငြိမ်ရေးအတွက် အန္တရာယ်များကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှု၊ တရားမဝင်လုပ်ငန်းများလုပ်ဆောင်မှုများသည် ကူးစက်တတ်သည့်သဘောရှိကြောင်း၊ ယင်းသောင်းကျန်းသူများသည် ယခင်အတိတ်ကာလကလည်း နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်ပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းခဲ့သည့်သူများဖြစ်ကြောင်း၊ ယခုချိန်တွင်လည်း ဒီမိုကရေစီအရေး၊ လူမျိုးစုအရေး စသည့်အရေးများကို ရုပ်ပြအဖြစ် အသုံးပြုပြီး စစ်ဘုရင်ဝါဒကို ပြန်လည်အသက်သွင်းနေသည်ကို တွေ့မြင်ရကြောင်း၊ "ကျားသေကို အသက်ပြန်မသွင်းမိကြစေဖို့" ပြောလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသောကြောင့် နယ်စပ်ဒေသတည်ငြိမ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။


ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ယခုနေရာမှ မျှဝေခွင့်ရခဲ့ကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

### မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို အသီးသီးဆွေးနွေးပြောကြား

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းများဆောင်ရွက်ရာတွင် အစိမ်းရောင်ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်မည့်အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင်ကြုံတွေ့နေရသည့်အခက်အခဲများအပေါ် **စာမျက်နှာ ၂၂ သို့**

# ဒေသအလိုက်မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်




**နေပြည်တော် နိုဝင်ဘာ ၅**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**စာမျက်နှာ ၂၁ မှအဆက်**

**မြန်မာနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုများမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့ခဲ့ပါကလည်း တင်ပြဆောင်ရွက်သွားနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်. . .**

မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအား သိရှိလိုမှု၊ နှစ်နိုင်ငံ စီးပွားဆက်သွယ်မှုလမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန်လိုအပ်မှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်ယူမှုလုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုနှင့် ၎င်းစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့်အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြားဆွေးနွေးပေးသည့်အတွက် မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြသည်။

### သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက အသီးသီးပြန်လည်ဆွေးနွေးပြောကြား

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က မြန်မာနိုင်ငံ၏ လျှပ်စစ်မီးသုံးစွဲမှုစနစ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုမှုအပေါ် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားပြည့်မီစွာထုတ်ယူသုံးစွဲနိုင်ရေးအတွက်လည်း ရေရှည်စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပါအဝင် အခြားနယ်ပယ်စုံ၌ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများနှင့် သွင်းကုန်၊ ပို့ကုန်မူဝါဒများအား တတ်နိုင်သရွေ့ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုများ အဆင်ပြေစေရေးနှင့် ပြည်တွင်းကုန်ဈေးနှုန်းများ ထိန်းသိမ်းနိုင်ရေးတို့အတွက် ကော်မတီများဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်၍ အနောက်အုပ်စု၏ ငွေကြေးပိတ်ဆို့မှုများကြောင့် ငွေကြေးလဲလှယ်မှုနှုန်းထားများ ဖောင်းပွမှုများဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ခဲ့ပြီး ငွေကြေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံအချင်းချင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်မှုရှိစေရေးအတွက် ကျပ်-ယွမ်၊ ကျပ်-ဘတ်၊ ကျပ်-ရူပီးတို့ကဲ့သို့ တိုက်ရိုက်ငွေကြေးသုံးစွဲမှုပုံစံများဖြင့် ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်မှု လုပ်ငန်းစဉ်အား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုအပေါ် နိုင်ငံတော်အဆင့်စီမံကိန်းအဖြစ်သတ်မှတ်၍ လိုအပ်သည့် ကွင်းဆင်းလေ့လာခြင်းနှင့် လုပ်ငန်းစဉ်များအဆင့်ဆင့် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားကြသည်။

### ဆွေးနွေးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြား

တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏မေးမြန်းဆွေးနွေးမှုများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ပြန်လည်ဆွေးနွေးမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်၊ လေအားလျှပ်စစ်ဟူ၍ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားတို့ကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပူပြင်းသည့် ရာသီဥတုရှိသည့်အတွက် နေရောင်ခြည်သုံးဆိုလာစွမ်းအင်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရာသီဥတုပူပြင်းသည့်ဒေသများ၌ လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ပြီး ဆောင်ရွက်မည်ဆိုပါက ဆိုလာစွမ်းအင်မှရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ရေရရှိအောင် ဆောင်ရွက်၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါကလည်း ၎င်းကြောင့် ထိခိုက်နိုင်မည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကိုလည်း မဖြစ်မနေထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်း။

ငွေကြေးဖောင်းပွမှုများနှင့်ပတ်သက်၍လည်း တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုများမရှိစေရေး ကြိုးပမ်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့ခဲ့ပါကလည်း တင်ပြဆောင်ရွက်သွားနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေရှိပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် ကုန်ချောအဆင့်ထိ ထုတ်လုပ်ဆောင်ရွက်ခြင်းကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းများ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေးအတွက်လည်း အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်သည့်စီမံကိန်း အောင်မြင်စွာဖြစ်မြောက်စေရေး မိမိအနေဖြင့် အားပေးပါကြောင်း၊ လိုအပ်သည့်လုပ်ငန်းစဉ်များ အဆင့်အလိုက် ဆက်လက်တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးစီမံကိန်းများ လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့်ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်ပါကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အနေဖြင့် ဆွေးနွေးပြောကြားရာ၌ ယခုကဲ့သို့ ရင်းရင်းနှီးနှီးဆွေးနွေးပြောကြားရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့်တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“အေးချမ်းစွာပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ”**ခေါင်းစဉ်ဖြင့် ၆-၁၁-၂၀၂၄ ရက်**(ယနေ့)** မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အရိပ်လည်းနေ အခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန္နဲပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၇၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ACMECS ၏ နှစ် ၂၀ ပြည့်လွန်ကာလမှသည်

ကေအောင်(မဟာဝိဇ္ဇာ)

**❖ မဲခေါင်ဒေသတွင်းနိုင်ငံများမှ တိုင်းရင်းသား လူမှုဘဝများကို ဖွံ့ဖြိုးစေမည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy-ACMECS) အဖွဲ့ကြီးသည် အပြန်အလှန်လေးစားယုံကြည်မှု၊ စာနာနားလည်မှု၊ ညီတူညီမျှအကျိုးစီးပွားဖြစ်ထွန်းလိုမှုတို့ဖြင့် အရှိန်အဟုန်ဖြင့် ရှေ့သို့လှမ်းချီလျက်ရှိသည်။ မကြာမီအချိန်အတွင်း မြန်မာနိုင်ငံသည်လည်း အလှည့်ကျဥက္ကဋ္ဌတာဝန်ကို တစ်ကျော့ပြန်ထမ်းဆောင်ရတော့မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက်အစည်းအဝေးများကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရဦးမည်ဖြစ်သည်။ ❖**

တစ်နေ့က နေ့စဉ်ထုတ် သတင်းစာတစ်စောင်တွင် ဘာသာပြန်ဆောင်းပါးတစ်ခုဖတ်လိုက်ရ၏။ BRICS အဖွဲ့အစည်းနှင့်ပတ်သက်၍ ရေးထားသည့်စာဖြစ်၏။ ဒီမတိုင်ခင်က စာရေးသူအနေဖြင့် အဆိုပါ BRICS အကြောင်း အနည်းငယ် အရိပ်အမြွက်သာ သိထားခဲ့သည်။ အဆိုပါ ဘာသာပြန်ဆောင်းပါး ဖတ်ပြီးမှ ထိုအဖွဲ့ကြီး၏ အနေအထားနှင့် အရေးပါမှုကို ပိုမိုနားလည်ခဲ့ရသည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော အဆိုပါအဖွဲ့ကြီး၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးဆောင်ဖို့ဖြစ်ကြောင်း မှတ်သားရသည်။ အဆိုပါရည်ရွယ်ချက် ကောင်းမွန်မှုကြောင့်ပင် အဖွဲ့ဝင်အဖြစ်ပါဝင်လိုသည့် နိုင်ငံများ ရှိနေကြသည်။ တစ်ဖက်မှာလည်း မင်းသားကြီး မလုပ်ရသဖြင့် ပတ်မကြီးထိုးဖောက်ချင်နေသော နိုင်ငံများက BRICS ၏ တိုးတက်ဖြစ်ထွန်းလာမှုသည် သူတို့ကိုများ နှောင့်ယှက်ထိပါးလာမလားဟူသော သံသယဖြင့် ရှုမြင်နေကြသည်။ ထိုဆောင်းပါးကို အသေးစိတ်ဖတ်ပြီးသော် စာရေးသူ ဖျတ်ခနဲသတိရမိသည်က BRICS နှင့်မခြား ဦးတည်ချက်ခြင်း တူညီမှုရှိသည့် စာရေးသူတို့နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသော ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy - ACMECS) အကြောင်းကိုလည်း အများပြည်သူသိရှိနိုင်စေရန် မျှဝေလိုပါသည်။

ယနေ့ဆိုလျှင် အဆိုပါ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Ayeyawady- Chao Phraya -Mekong Economic Cooperation Strategy- ACMECS)၏ သက်တမ်းမှာ ဆယ်စုနှစ် နှစ်ခုကို လွန်ခဲ့ပြီဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဧပြီ ၂၉ ရက်၌ ပြုလုပ်ခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးတစ်ခုတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် Thaksin Shinawatra က ဒေသခွဲအတွင်း စီးပွားရေးကွာဟချက်များကျဉ်းမြောင်းစေရန်နှင့် စဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတစ်ရပ် ထူထောင်ရေး အဆိုပြုတင်သွင်းခဲ့မှုအပေါ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့က သဘောတူလက်ခံခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်အရ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ACMECS ၏ထိပ်သီးအစည်းအဝေးကိုကျင်းပကာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ပုဂံကြေညာချက်စာတမ်း (Bagan Declaration)ကို ထုတ်ပြန်ကြေညာ၍ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ( Ayeyawady - Chao Phraya - Mekong Economic Cooperation Strategy - ACMECS)ကို စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

ACMECS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ နယ်စပ်ဒေသများတွင် စီးပွားရေးဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမိုကောင်းမွန်သည့်ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူဖြစ်စေရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကိုလျှော့ချနိုင်ရန်နှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ခေါင်းပုံဖြတ်လိုခြင်းမရှိ၊ အခွင့်အရေးပိုမိုရယူလိုခြင်းမရှိသော ပွင့်လင်းမြင်သာသည့် စီးပွားရေးဖိတ်ခေါ်ယှဉ်ပြိုင်စေမှုများ အဆိုပါရည်ရွယ်ချက်တွင် ပေါ်လွင်နေသည်ကိုတွေ့ရပေသည်။ တစ်နည်းဆိုသော် အပြန်အလှန်လေးစားမှုများကို ရှေ့တန်းတင်သည့် လူသားချင်းစာနာထောက်ထားမှုများကို ACMECS ၏ လုပ်ငန်းစဉ်တိုင်းတွင် တွေ့မြင်ရမည်ဖြစ်၏။

၂၀၀၄ ခုနှစ် မေ ၁၀ ရက်တွင် အဖွဲ့ဝင် ငါးနိုင်ငံမြောက်အဖြစ် ဗီယက်နမ်နိုင်ငံပါဝင်လာခဲ့သဖြင့် ငါးနိုင်ငံအထိရှိလာခဲ့သည်။ မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာဟုဆိုသည့်အတိုင်းပင် ပါဝင်ကြသည့် နိုင်ငံများမှာလည်း မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။ ထို့နောက် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ACMECS ၏ ပထမဆုံး မိတ်ဖက်နိုင်ငံများဖြစ်လာကြသည်။ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပခဲ့သော ယင်းမိတ်ဖက်နိုင်ငံများနှင့် ACMECS ကြား Inaugural အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ပူးတွဲဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Joint Development Plan)များကို အတည်ပြုသတ်မှတ်ရန် ဆွေးနွေးခဲ့ကြသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင်ပြုလုပ်သည့် အထက်ပါ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင်လည်း ACMECS နှင့် မိတ်ဖက်နိုင်ငံများအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှုစီမံချက် (Joint Development Plan -JDP) ခြောက်ခုကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါသည်။ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)နှင့်ပတ်သက်၍ ACMECS ထိပ်သီးအစည်းအဝေး(ACMECS Summit)၊ ACMECS ဝန်ကြီးများအစည်းအဝေး (ACMECS Ministerial Meeting)၊ ACMECS အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Official's Meeting)နှင့် ACMECS ၏ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး (ACMECS Working Group on Trade and Investment Facilitation Meeting (WGTIF)တို့ကို အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိသည်။

ACMECS အစည်းအဝေးများနှင့် စပ်လျဉ်း၍ ဗဟုသုတအနေဖြင့် မျှဝေရမည်ဆိုလျှင် ၂၀၀၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့သော ပထမဆုံးအကြိမ် ACMECS ဝန်ကြီးများအစည်းအဝေး (ACMECS Ministerial Meeting)ကို လက်ရှိတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ACMECS အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (Senior Official's Meeting)ကို လာအိုနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ၂၀၀၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ် နှစ်ကြိမ်၊ သို့မဟုတ် သုံးကြိမ် လိုအပ်ချက်အရပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ACMECS ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလျင်မြန်ချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေး (ACMECS Working Group on Trade and Investment Facilitation Meeting (WGTIF)ကို ထိုင်းနိုင်ငံတွင် ကျင်းပလေ့ရှိပြီး ယင်းအစည်းအဝေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးကဏ္ဍနှင့်ပတ်သက်၍ ACMECS လုပ်ငန်းစီမံချက်များ၊ ဘုံစီမံကိန်းများနှင့် နှစ်နိုင်ငံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးကြခြင်းဖြစ်သည်။ ACMECS ထိပ်သီးအစည်းအဝေး(ACMECS Summit)ကို နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၉ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် Video Conference ဖြင့်သာ ကျင်းပခဲ့ရခြင်းဖြစ်၏။ ယခု (၁၀)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ACMECS ဥက္ကဋ္ဌတာဝန်ကို နှစ်နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများမှ အက္ခရာစဉ်အလိုက် အလှည့်ကျ တာဝန်ယူကြရသည်။ ထိုသို့ ဥက္ကဋ္ဌတာဝန်ယူချိန်အတွင်း ACMECS ထိပ်သီးအစည်းအဝေး၊ ACMECS အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ဘဏ္ဍာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ACMECS ပူးပေါင်းဆောင်ရွက်မှုမဏ္ဍိုင် သုံးခု၏ ညှိနှိုင်းရေးကော်မတီအစည်းအဝေးများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရ၏။ လက်ရှိတွင် လာအိုနိုင်ငံသည် ၂၀၂၂ ခုနှစ်မှစ၍ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရပြီး မကြာမီကျင်းပမည့် (၁၀)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းလက်ခံမည်ဖြစ်ကြောင်း သိရှိရ၏။ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ပြုလုပ်ခဲ့သည့် (၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ လိုလားချက်အရ နေပြည်တော်ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုကြေညာချက်အရ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု၊ ပို့ဆောင်ဆက်သွယ်ရေးကွန်ရက်၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုလုပ်ငန်းနှင့်စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်မှု စသည့် နယ်ပယ် ရှစ်ခုကို တိုးချဲ့သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ကြသည်။ အဆိုပါ နယ်ပယ် ရှစ်ခုကို အဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို ဦးဆောင်တာဝန်ယူလျက်ရှိသည်။

ယနေ့ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ တိုးတက်ဖြစ်ထွန်းနေသည်။ ဒေသတွင်း၊ ဒေသအပြင်ဘက် ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းသဖွယ် သက်ဆိုင်ရာအစုအဖွဲ့များဖြင့် စစ်ရေး၊ စီးပွားရေး၊ သဘာဝအရေး၊ စွမ်းအင်အရေး၊ နိုင်ငံရေးအင်အားစုများကို အပြိုင်အဆိုင်တည်ဆောက်လျက်ရှိနေသည်။ မည်သို့ပင်တည်ဆောက်ကြသည်ဖြစ်စေ သူ့ဘက်ကိုယ့်ဘက် အပြန်အလှန်မျှတမှု၊ ဟန်ချက်ညီမှု၊ ရိုးသားမှုရှိကြရန် အရေးကြီးသည်။ လူတစ်ဦးတည်းမင်းမူသော ကမ္ဘာကြီးကို မည်သူကမျှ လိုလားသည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံအနေဖြင့် တသီးတခြားရပ်တည်နေ၍လည်းမရ၊ ကမ္ဘာကြီးနှင့် မျက်ခြည်မပြတ်ဖို့လိုသည်။ ထို့ကြောင့် အပေါင်းအသင်းမိတ်ဆွေလိုသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ အာဆီယံ၏ အသီးအပွင့်ရလဒ်များကို ခံစားခွင့်ရခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ်တွင် ACMECS ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ACMECS က ချမှတ်ထားသော ဦးတည်ချက်များအတိုင်း သက်ဆိုင်ရာကဏ္ဍများ အကောင်အထည်ဖော်မှု၏ နောက်ဆက်တွဲအကျိုးဖြစ်ထွန်းမှုများကို ခံစားခွင့်ရရှိစေခဲ့သည်။ ထို့ပြင် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့်လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးကဏ္ဍအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

**မဲခေါင်ဒေသတွင်းနိုင်ငံများမှ တိုင်းရင်းသား လူမှုဘဝများကို ဖွံ့ဖြိုးစေမည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ** (Ayeyawady - Chao Phraya - Mekong Economic Cooperation Strategy - ACMECS) **အဖွဲ့ကြီးသည် အပြန်အလှန်လေးစားယုံကြည်မှု၊ စာနာနားလည်မှု၊ ညီတူညီမျှအကျိုးစီးပွားဖြစ်ထွန်းလိုမှုတို့ဖြင့် အရှိန်အဟုန်ဖြင့် ရှေ့သို့လှမ်းချီလျက်ရှိသည်။ မကြာမီအချိန်အတွင်း မြန်မာနိုင်ငံသည်လည်း အလှည့်ကျဥက္ကဋ္ဌတာဝန်ကို တစ်ကျော့ပြန်ထမ်းဆောင်ရတော့မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက်အစည်းအဝေးများကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရဦးမည်ဖြစ်သည်။** နှစ် ၂၀ ပြည့်လွန်ကာလမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ACMECS အဖွဲ့ကြီးအနေဖြင့် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်သော အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာနိုင်စေဖို့ ရည်ရွယ်ဆန္ဒပြုအပ်ပါသည်။

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



အခြေခံပညာ (၁၀-၁၅) (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မသဒ္ဒါချစ်နှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၀-၁၅)(အမျိုးသား)တယောအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထူးပြည့်စုံလွင် “ရွှေပြည်ကြီးရော”(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀)(အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မရှင်မင်းအေး “ကုဏ္ဍာလာအိုင်ဘွဲ့”(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာ(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်နိုင် “မှိုင်းရိပ်ကယ်တည့်” (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)နှဲပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးနေလင်း“အောင်မြေသာစံ”(ပတ်ပျိုး) သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အခြေခံပညာ(၁၅-၂၀)(အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဖြိုးစံ “မှိုင်းရိပ်ကယ်တည့်”(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




အခြေခံပညာ(၁၀-၁၅)(အမျိုးသား) နှဲပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ထွေတလာ"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ကာလပေါ်၊ ခေတ်ဟောင်းတေး ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ကေရီဖိုလ်ဖိုလ် "နွေမိုးဆောင်း" သီချင်းဖြင့် ရသပေါ်လွင်အောင် ဖော်ကျူးသီဆိုယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅)(အမျိုးသား)စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ပဲခူးတိုင်းဒေသကြီးမှ မောင်နိုင်းမြတ်သူ "သီလာမြေယံ"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မအေးငြိမ်းဇော် "လာချေပြီ"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၀-၁၅)(အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြူးစိန်(ခ)နေမင်းခန့် "ဘုံဆောင်မြင့်"(ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား)ပလွေပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်မှ ဦးမြတ်ဇော် "ကြုံကြုံဖန်ဖန်"(ယိုးဒယား)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# မြစ်သားမြို့နယ်တွင် လူငယ်များကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးပြီး မထမ်းဆောင်လိုပါက ငွေကြေးဖြင့် ပြန်ရွေးခိုင်းကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရိုးကန်ကျေးရွာနှင့် ရစ်ကန်ကျေးရွာတို့မှလူငယ် လေးဦးတို့ကို နိုဝင်ဘာ ၂ ရက်က စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း၊ ထို့နောက် အဆိုပါလူငယ်များကို စစ်မှုမထမ်းဆောင်လိုပါက ငွေကျပ် သိန်း ၅၀ ဖြင့် ပြန်ရွေးယူရန် မိသားစုများထံ အကြောင်းကြားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းသည် သတင်းအမှားသာဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍သက်ဆိုင်ရာအဖွဲ့အစည်းများ အသီးသီးဖွဲ့စည်းထားရှိပြီး သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီသာ လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ မသမာသူအချို့နှင့်တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းမှားသာဖြစ်ကြောင်း သိရှိရသည်။ (၅၀၁)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက်အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက် ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော် ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Aung Soe Moe”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ဖြူကျေးရွာနေ မောင်မောင်လွင်ကို ည ၉ နာရီခွဲတွင်လည်းကောင်း၊ “Waiyan min Khantပဲခူးသား” TikTokအကောင့်ပိုင်ရှင်ဖြစ်သူ ပြည်မြို့နယ် သံဘိုကျေးရွာနေ ဇင်မင်းဦး(ခ)ဖိုးသားကို ည ၁၀ နာရီ ၁၀ မိနစ်၌လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့ကို မီးရှို့မှုများ ဆက်တိုက်လုပ်နေကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၅

ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့ကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့ အနောက်ရပ်ကွက် ဆည်မြောင်းရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ လူမနေသည့်အိမ်များကို လိုက်လံမီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူမနေသည့်အိမ်များကို မီးရှို့၍ ပျက်စီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းတု၊ သတင်းမှားများသာဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မင်းတပ်မြို့တွင် နေထိုင်နေကြသည့် ပြည်သူ၊ ပြည်သားများကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မည်ကို မလိုလားသဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒ ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။ (၅၀၁)




## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ အရေးကြီးနေရာများကို ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် Fixed Wingများအားလုံး ဟန့်တားနိုင်ခဲ့





နေပြည်တော်ကောင်စီနယ်မြေရှိ အရေးကြီးနေရာများကို ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော် ကောင်စီနယ်မြေရှိ အရေးကြီးအဆောက်အအုံများနှင့်နေရာဌာနများကို ဖောက်ခွဲဖျက်ဆီးရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာကောက်ကျစ်သည့် အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် အရှေ့ဘက်အရပ်မှ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်းသို့ ဒေသန္တရလုပ် Fixed Wing အချို့စမ်းသပ်ပစ်လွှတ်ခြင်းဖြင့်အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်နိုင်ရန် ကြံစည်ကြိုးပမ်းလာခဲ့သည်။

ထိုသို့ ကြံစည်ကြိုးပမ်းလာခဲ့မှုကို နေပြည်တော် ကောင်စီနယ်မြေအတွင်း လေကြောင်းလုံခြုံရေး တာဝန်များထမ်းဆောင်လျက်ရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ကြိုတင်ထောက်လှမ်းသိရှိခဲ့ရပြီး အဆိုပါFixed Wing များအားလုံးကို လက်ဦးမှုရယူဟန့်တားနိုင်ခဲ့သဖြင့် Fixed Wing သုံးစီးသည် လမ်းခရီး၌ပျက်ကျပျက်စီးခဲ့သည်။

ထိုသို့ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ပစ်ချဟန့်တားမှုကြောင့် Fixed Wing များ ပျက်စီးကျရောက်မှုများကို ဒေသခံပြည်သူများက သတင်းပေးပို့လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် လိုအပ်သည့်ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအနီး တစ်စီး၊ကြံခင်းစုကျေးရွာအနီး တစ်စီးနှင့်နန္ဒင်းအိုင်ကျေးရွာအနီး တစ်စီးတို့ကို ဗုံးသီးများနှင့်အတူ ရှာဖွေတွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ပြီး ပြည်သူများ အန္တရာယ်မဖြစ်စေရေး ဗုံးသီးများကို စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့်Fixed Wing များ စတင်ပစ်လွှတ်သည့်နေရာများကို နည်းပညာအကူအညီဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါနေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင်လူနှင့်အဆောက်အအုံများထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

နေပြည်တော် ကောင်စီနယ်မြေရှိ အရေးကြီး နေရာများအား ဖောက်ခွဲ ဖျက်ဆီးခြင်းများ ပြုလုပ်ရန် အကြမ်းဖက် သမားများ လွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



# MNDAA အကြမ်းဖက်သောင်းကျန်းသူများက နမ့်လန်မြို့နယ်အတွင်းရှိ ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ် နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ





MNDAA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာများကို MNDAA အကြမ်းဖက်သောင်းကျန်းသူများက ယနေ့မွန်းလွဲပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ် နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာများအတွင်းသို့ ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အသက် ငါးနှစ်နှင့် အသက်ကိုးနှစ်အရွယ် ကလေးငယ် နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များကို နမ့်လန်မြို့ရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ သွားရောက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် မြို့ရွာများအတွင်း ယခုကဲ့သို့ ဒေသခံပြည်သူများအသက်အန္တရာယ်ထိခိုက်သေကျေစေရန် ရည်ရွယ်၍ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများက ၎င်းတို့၏လုပ်ရပ်များကို ရွံရှာစက်ဆုပ်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

MNDAA အကြမ်းဖက် သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဆန်ကွဲအိတ်တွေကို အောက်တိုဘာလ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်လိုအားက သိသိသာသာကိုလိုက်ခဲ့တာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ဆန်ကွဲဝယ်လိုအား တက်ခဲ့ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ ဆန်ကွဲတွေကို ကုန်းလမ်းကြောင်းကနေ ကုန်တင်ကားတွေနဲ့ အဓိက တင်ပို့ရောင်းချနေပါတယ်။ အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ အဆင်ပြေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် ဆန်စပါး ရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ကား အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် ဖလံကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်တိုင်ကျေးရွာအုပ်စု ဖလံကျင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်မြတ်ဆွေက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ပထမအကြိမ်အဖြစ် ဖလံကျင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**

# ဘားအံမြို့နယ် ရသဝေါ်အင်းကန်ပတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ရသဝေါ်အင်းကန်ပတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူများက ကျေးရွာ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရသဝေါ်အင်းကန်ပတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာက လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဘားအံမြို့နယ်၌ ရသဝေါ်အင်းကန်ပတ်လမ်း အရှည် ၄ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်လေးပေရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၁ သန်းဖြင့် မေ ၂ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာထံမှ သိရသည်။

**ဆက်လူ**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၁၂၇ ဧက ရိတ်သိမ်းပြီးစီး

**ချောင်းဦး နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၁၂၇ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၁၁၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၂၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ ဒသမ ၁၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မတ်ပဲ ၁၁၂၇ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲတွေ အားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ် နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။



ချောင်းဦးမြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဥဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂၅ ခုနှစ် မိုးရာသီကာလသည် ပုံမှန်စိုစွတ်မှုမျိုးသာဖြစ်ပေါ်လာနိုင်



**ဂျကာတာ နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်း ပုံမှန်ထက်စိုစွတ်သော မိုးရာသီဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ၂၀၂၅ ခုနှစ် မိုးရာသီကာလတွင် စိုစွတ်မှုနှုန်းမှာ ပုံမှန်အတိုင်းသာ ဖြစ်ပေါ်လာနိုင်ကြောင်း Meteorology, Climatology, and Geophysical Agency (BMKG) က ခန့်မှန်းချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်းစိုစွတ်မှုနှုန်းမြင့်မားခဲ့ပြီး နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုနှုန်းမြင့်မားခဲ့ပြီး စိုက်ခင်းဧရိယာအများစုလည်း ရေမြုပ်ခဲ့ရကြောင်း သိရသည်။

"၂၀၂၅ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ မိုးရာသီကာလဟာ ပုံမှန်မိုးရာသီကာလအတိုင်းပဲ ဖြစ်လာပါလိမ့်မယ်။ ကောက်ပဲသီးနှံစိုက်ခင်းတွေ ၂၀၂၄ ခုနှစ်ကထက် အထွက်တိုးလာနိုင်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍအတွက် အလားအလာကောင်းတဲ့ ရာသီဥတုမျိုးဖြစ်ပါတယ်"ဟု Meteorology, Climatology, and Geophysical Agency (BMKG)မှ ဒီကိုရီတာက ပြောကြားသွားခဲ့သည်။

သို့သော်လည်း ၂၀၂၅ ခုနှစ် နွေရာသီကာလတွင်မူ ယခင်နှစ်များအတိုင်း တောမီးလောင်ကျွမ်းမှုပြဿနာများဖြင့် ဆိုးရွားစွာ ရင်ဆိုင်ရဖွယ်ရှိနေဆဲဖြစ်ကြောင်း Meteorology, Climatology, and Geophysical Agency (BMKG) က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ရာဖေးလ်အပူပိုင်းမုန်တိုင်းကြောင့် ကျူးဘားနိုင်ငံတစ်ဝန်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်

**ဟာဗားနား နိုဝင်ဘာ ၅**

ကျူးဘားနိုင်ငံတွင် ရာဖေးလ်ဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် နိုဝင်ဘာ ၄ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းသည် ကျူးဘားနိုင်ငံ မြောက်ဘက်ပိုင်းသို့ ဦးတည်ထွက်ခွာနေကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းထိ မြင့်တက်နေပြီး အခြေခံအဆောက်အအုံများကို ပျက်စီးစေနိုင်သောအခြေအနေဖြစ်ကြောင်း၊ ကျူးဘားအစိုးရကလည်း မုန်တိုင်းဖြတ်သန်းခဲ့သော ဒေသများ တစ်လျှောက် ကယ်ဆယ်ရေးဝန်ထမ်းများကို စေလွှတ်ပေးထားပြီး ဒေသခံများအန္တရာယ်မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်နေကြောင်း၊ မုန်တိုင်းသည် ကေးမန်းကျွန်းသို့လည်း ဖြတ်သန်းသွားနိုင်ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်သွားခဲ့သည်။

ကျူးဘားနိုင်ငံကို ဖြတ်သန်းတိုက်ခတ်စဉ် မုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသောဒေသမှာ ဟာဗားနားမြို့ဖြစ်ပြီး ဟာဗားနားမြို့တွင် အခြေခံအဆောက်အအုံတချို့နှင့် လူနေအိမ်ခြေတချို့ ပျက်စီးခဲ့ရကြောင်း၊ ဟာဗားနားမြို့အပါအဝင် ကျူးဘားနိုင်ငံ အနောက်ဘက်ပိုင်းရှိ နယ်မြေများတွင်လည်း ရေကြီးရေလျှံမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်နေရသောစီရင်စုများတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍများကို ယာယီရပ်ဆိုင်းထားပြီဖြစ်ကြောင်းလည်း ကျူးဘားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောထဲမှ တရားမဝင်ရွှေတူးဖော်ရေး လုပ်ကွက်များကိုဖယ်ရှားရန် ဘရာဇီးအာဏာပိုင်များ ပြင်ဆင်နေ

**ဘရာဇီးလီးယား နိုဝင်ဘာ ၅**

ဘရာဇီးနိုင်ငံ အမေဇုန်မိုးသစ်တောထဲမှ တရားမဝင် ရွှေတူးဖော်ရေးလုပ်ကွက်များကို ဖယ်ရှားရန် ဘရာဇီးအာဏာပိုင်များ ပြင်ဆင်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေဇုန်မိုးသစ်တောအတွင်းတွင် ဌာနေတိုင်းရင်းသားများ နေထိုင်ရာနယ်မြေသည် စတုရန်းကီလိုမီတာ ၂၄၀၀၀ ခန့်ကျယ်ဝန်းပြီး ဌာနေတိုင်းရင်းသားလူမျိုးစုနေထိုင်ရာ ရွာပေါင်း ၆၁ ရွာရှိကြောင်း သိရသည်။

တရားမဝင် ရွှေတူးဖော်ရေးလုပ်ကွက်များသည် သဘာဝပတ်ဝန်းကျင်ကိုသာမက ဌာနေတိုင်းရင်းသားများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေကြောင်း၊ ထို့ပြင်အမေဇုန်မိုးသစ်တောအတွင်းက တရားမဝင်ရွှေတူးဖော်ရေးလုပ်ငန်းသည် ဘရာဇီးနိုင်ငံတွင် ဒုတိယအကြီးဆုံး တရားမဝင်သတ္တုတူးဖော်ရေးလုပ်ငန်းဖြစ်ကြောင်း ဘရာဇီးအစိုးရအေဂျင်စီ၏ Censipam အစီရင်ခံစာအရ သိရသည်။

အမေဇုန်မိုးသစ်တောကို ပျက်စီးစေသည့်အပြင် ဌာနေတိုင်းရင်းသားများ၏ကျန်းမာရေးကိုထိခိုက်စေသည့်အတွက် တရားမဝင်ရွှေတူးဖော်မှုကို တိုက်ဖျက်မည်ဟု ဘရာဇီးသမ္မတ လူလာဒါဆေးဗားက ကတိပြုခဲ့ပြီးနောက် ယခုကဲ့သို့ ရွှေတူးဖော်ရေး လုပ်ကွက်များကို ဖယ်ရှားရန် ပြင်ဆင်နေကြောင်း သိရသည်။



တရားမဝင် ရွှေတူးဖော်ရေးလုပ်ငန်းများသည် မြစ်ချောင်းအင်းအိုင်များကို အဆိပ်သင့်စေခဲ့ပြီး ဌာနေတိုင်းရင်းသားများတွင် ကျန်းမာရေးအကျပ်အတည်းများဖြစ်ပေါ်ခဲ့ကြောင်း ဌာနေတိုင်းရင်းသားရေးရာ အေဂျင်စီ Funai Nilton Tubino မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Censipam အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်တွင် ဌာနေတိုင်းရင်းသားများနေထိုင်ရာ မန်ဒူရူခူနယ်မြေတွင် တရားမဝင်ရွှေတူးဖော်မှုပေါင်း ၃၈၈ ခုရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ညစ်ညမ်းမှုများသည် ကလေးများ၏ သင်ယူမှုနှင့် မှတ်ဉာဏ်ကို ထိခိုက်စေကြောင်း USC ထုတ်ပြန်

**ဝါရှင်တန် နိုဝင်ဘာ ၅**

ပတ်ဝန်းကျင်ညစ်ညမ်းမှုများသည် ကလေးများ၏ သင်ယူမှုနှင့် မှတ်ဉာဏ်ကို ထိခိုက်စေနိုင်ကြောင်း တောင်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်တက္ကသိုလ် (USC) က ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံတစ်ဝန်းမှ ကလေးပေါင်း ၈၅၀၀ ပါဝင်သော USC ၏ လေ့လာမှုအသစ်တစ်ခုတွင် အသက် ကိုးနှစ်မှ ၁၀ နှစ်အရွယ်ကလေးများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ထိတွေ့မိပါက သင်ယူမှုအားနည်းခြင်းနှင့် မှတ်ဉာဏ်စွမ်းဆောင်ရည် ကျဆင်းခြင်း စသည်ဖြင့်ဆက်စပ်နေကြောင်း လေ့လာတွေ့ရှိခဲ့သည်။

လေထုအတွင်းပါသော အမှုန်အမွှားလေထုညစ်ညမ်းမှု (PM2.5) သည် အာရုံကြောဆိုင်ရာ ထိခိုက်မှုများအပြင် အမိုးနီးယားဓာတ်ငွေ့နှင့် နိုက်ထရစ်အက်စစ်တို့သည် လေထုထဲတွင် အသီးသီးဓာတ်ပြုသောအခါ အမိုနီယမ်နိုက်ထရိတ်ဖြစ်ပေါ်လာပြီး ကလေးငယ်များ၏ ကျန်းမာရေးကိုသာမက ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုပါ ဖြစ်စေကြောင်း USC က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Russia Today
Trs : KZ



# မဲခေါင်မြစ်ဝှမ်းဒေသဖြစ်သည့် ကူးလောင်စီရင်စုတွင် မြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနိုင်

**ဗီယင်ကျန်း နိုဝင်ဘာ ၅**

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသတစ်ခုဖြစ်သော ကူးလောင်စီရင်စုတွင် နိုဝင်ဘာ ၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ မြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေကြောင်း Nam National Mekong Committee က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မဲခေါင်မြစ်ဝှမ်းရှိ ဒေသအမြောက်အမြားတွင် နိုဝင်ဘာလအစမှစတင်၍ ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ရေလွှမ်းဖွယ်ရှိနေသော ဒေသများမှာ ဗင်လောင်းစီရင်စု၊ ကာမောင်စီရင်စု၊ ဘက်လုစီရင်စု၊ ဆော့ထရန်စီရင်စု၊ ဟောင်ဂျန်းစီရင်စုတို့ဖြစ်ကြောင်း Nam National Mekong Committee က ထုတ်ပြန်ခဲ့သည်။

"မဲခေါင်မြစ်ဝှမ်းဒေသတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် ကူးလောင်စီရင်စုမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ တခြားဒေသတွေမှာလဲ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်"ဟု Nam National Mekong Committee မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Nam National Mekong Committee က ထုတ်ပြန်ခဲ့သော စီရင်စုများတွင် ရေကြီးရေလျှံမှုမှာ ပိုမိုဆိုးရွားလာနိုင်ပြီး ဒေသခံများ၏ အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါစီရင်စုများမှ ကုန်းနိမ့်ပိုင်းဧရိယာများ၊ ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများ တည်ဆောက်ထားခြင်း မရှိသည့် ဧရိယာများတွင် နေထိုင်သော ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် သတိပေးထားကြောင်း၊ လက်ရှိတွင် မဲခေါင်မြစ်ဝှမ်း၌ တည်ဆောက်ထားသော ရေလှောင် တမံများတွင်လည်း သိုလှောင်နိုင်သော ရေပမာဏ၏ ၉၅ ရာခိုင်နှုန်း ကျော်လွန်လာပြီဖြစ်သည့်အတွက် စိုးရိမ်မှတ်နားသို့ ရောက်ရှိလာ၍ အထူးသတိပြုရမည့် အခြေအနေဖြစ်ကြောင်း Nam National Mekong Committee က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၄၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၄၇ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၉၃၉ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၄၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ၃၉၃၉ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၄၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှား ကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရာ၌ အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ စသည်တို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ရေပေါ်ကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေါ်ကြီးကျေးရွာတွင် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်မာဝင်းက ရေပေါ်ကြီးကျေးရွာ ရပ်မိရပ်ဖများနှင့်ကော်မတီဝင်များကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေပေါ်ကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




## ပျောက်ဆုံးကြောင်း

ချင်းရွှေဟော်မြို့၊ ရပ်ကွက်(၁)နေ မောင်ရန်ပွေဖူး (ဘ) ဦးအလျှန် (၁၃/ခရဟ(နိုင်)၀၀၀၀၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၉၀၄၇၇၂၈

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ (၄၁၃၊က)မဟာန္ဒယ်စဉ်နေ ဒေါ်လှလှဝင်း (ဘ)ဦးသန်း (၉/မရတ(နိုင်)၀၇၄၄၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၃၉၇၃၈၈၂

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ တောင်ရပ်ကွက်နေ (ဘ) ဦးမောင်ဆမ်၏သမီး မလီလီဝင်း (၁၃/မဆတ(နိုင်)၀၆၂၁၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၂၅၇၀၉၆၈









❖ **ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစု ဘဝနှင့်မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုး ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...**

❖ **ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ် လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ် အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန် အရေးကြီး...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်သို့ သွားရောက်လေ့လာကြည့်ရှု



**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသူများသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နှင့် ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကူမင်းသိပ္ပံနှင့်နည်းပညာ တက္ကသိုလ်အတွင်းရှိ လူသားအစားထိုး အဆင့်မြင့်စက်ရုပ်နည်းပညာ သင်ကြားပို့ချမှုဌာန၌ လေ့လာကြည့်ရှုကြစဉ်။